ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၃ ရက်၊ စနေနေ့။ Saturday, 17 February 2018 ၉၂၀၃

**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

# မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်သည့် နေပြည်တော် မြို့တော်သို့ နိုင်ငံခြားသံရုံးများ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး မူဝါဒချမှတ်ထားပြီးဖြစ်

## နေပြည်တော် သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**နေပြည်တော် သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နေပြည်တော်သည် မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်သည့်မြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံခြားသံရုံးများကို ရန်ကုန်မှနေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံခြားသံရုံးများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် နေထိုင်မှု စသည်တို့ ပိုမိုအဆင်ပြေစေရေးအတွက်လည်းကောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နေပြည်တော် သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**ယခုချေးငွေသည် နိုင်ငံ၏အရေးပါသည့် SME လုပ်ငန်းများအတွက် အထောက်အကူများစွာ ရလာနိုင်၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်လာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

စာမျက်နှာ - ၅

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ**

စာမျက်နှာ - ၁၀

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး မှန်ကန်သောသတင်းအချက်အလက်မျှဝေ

လွတ်လပ်သော သတင်းမီဒီယာခေတ်တွင် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာ သတင်းရှာဖွေခြင်း၊ လွတ်လပ်စွာ သတင်းရေးသားခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။ သမာသမတ်ကျသော သတင်းမီဒီယာတို့သည် လွတ်လပ်စွာ ဖော်ထုတ်ပြောကြားခြင်း တစ်ခုတည်းသာမဟုတ်ဘဲ လက်ခံနားထောင်သူ၏ အခွင့်အရေးများနှင့် အချို့သောတာဝန်ယူမှုတို့ကိုပါ ထည့်သွင်းစဉ်းစားကြပါသည်။ ထိုသို့မဟုတ်မူဘဲ တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့် မညီသော လုပ်ကိုင်ဆောင်ရွက်မှုများကို ပြုလုပ်မိမည်ဆိုပါက မီဒီယာလွတ်လပ်ခွင့်နှင့် လူ့ဘောင်လောကကိုပါ ဆိုးဆိုးရွားရွားထိခိုက်စေနိုင်ပါသည်။

သတင်းမီဒီယာများအနေဖြင့် လွတ်လပ်စွာဖော်ထုတ်ရေးသားကြရာ၌ မှန်ကန်ခြင်း၊ မြန်ဆန်ခြင်း၊ မျှတခြင်းဟူသည့် အခြေခံစံနှုန်းများနှင့်အညီ အချက်အလက်တိကျခိုင်မာရေး၊ အချိန်နှင့်တစ်ပြေးညီရေးသားရေး၊ သမာသမတ်ကျပြီး တရားမျှတမှုရှိစေရေး၊ ဘက်တစ်ဖက်တည်းမရေးသားရေး တို့မှာ အလေးထားလိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်ပါသည်။ မျက်မှောက်ကာလတွင် နိုင်ငံတကာသတင်းမီဒီယာအချို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ သတင်းရေးသားဖော်ပြရာ၌ အဆိုပါစံနှုန်းများနှင့်သွေဖည်နေသည်ကို များသောအားဖြင့် တွေ့မြင်ရပါသည်။

အထူးသဖြင့် နိုင်ငံတကာက အာရုံစိုက်မှုများသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ သတင်းရေးသားဖော်ပြမှုများတွင် တွေ့ရတတ်ပါသည်။ နိုင်ငံတကာမီဒီယာများအနေဖြင့် သတင်းရေးသားတင်ပြရာ၌ ပရော်ဖက်ရှင်နယ်ဆန်သည်မှာ ကောင်းမွန်ပါသည်။ သို့ရာတွင် ခံစားချက်ပိုလွန်းပြီး တစ်ဖက်သတ်ဆန်၍ လိုသည်ထက်ပိုကာ အကြောင်းအရာတစ်ခုကို အကြိမ်ကြိမ်အထပ်ထပ်အခါခါ ဘက်လိုက်ရေးသားနေဟန်တူပါသည်။ မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သည့်သတင်းအချက်အလက်များကို ထုတ်ဖော်အတည်ပြုရန် ဆောင်ရွက်နေစဉ်တွင် သံသယဖြစ်ဖွယ် တစ်ဖက်သတ်ဆန်သော သတင်းများသည် ကမ္ဘာပတ်ကာ ဖြန့်ချိပြီးသားဖြစ်နေသည်။ ထိုအခါ မြန်မာနိုင်ငံမှ မှန်ကန်စွာ ဆောင်ရွက်နေသော အခြေအနေမှန်များနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများ ရှိလာသည်ကို တွေ့ရသည်။

အချို့ကိစ္စရပ်များတွင် သတင်းအချက်အလက်ကို ခိုင်မာတိကျစွာ ဖော်ထုတ်နိုင်ခြင်းမရှိသေးဘဲ ကြားသိရမှုများအပေါ် အခြေခံ၍ အလျင်စလိုရေးသားဖော်ထုတ်လိုက်သည်ကိုတွေ့ရသည်။ ဒုက္ခသည်သတင်းများတွင် ဒုက္ခသည်အရေးတစ်မျိုးတည်းကိုသာ ဖော်ပြလေ့ရှိပြီး နောက်ခံအကြောင်းနှင့် နောက်ဆက်တွဲအကြောင်းရင်းများကိုမူ ဖော်ပြမှုနည်းပါးလေသည်။ မကြာသေးမီရက်များက ဒုက္ခသည်စခန်းအတွင်းမှ မုသားစကားများအကြောင်းကို ရှားရှားပါးပါး သိရှိလိုက်ရပြန်သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူ့အသိုက်အဝန်းနှစ်ဖက်ကြားရှိ ဆိုင်ရာကိစ္စရပ်များကို မျှတစွာဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဖြစ်စဉ်ဖြစ်ရပ်မှန်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် အသိပေးလျက်ရှိသည်။ မောင်တောခရိုင် အင်းဒင်ကျေးရွာရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း ၁၀ လောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ တပ်မတော်က အဆင့်မြင့်စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခဲ့သည့်အပြင် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် ကျေးရွာသား စုစုပေါင်း ၁၆ ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်သည်ကိုလည်း အသိအမှတ်ပြုရပေမည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြုသဘောဆောင်သောကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်တွင်မဆို ပွင့်လင်းမြင်သာစွာဖြင့် အလေးထားဆောင်ရွက်ပေးနေသည်မှာ အမှန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အသေအချာလေ့လာဆန်းစစ်ပြီးမှသာ သုံးသပ်ဆုံးဖြတ်ဖော်ပြသင့်ပါကြောင်းနှင့် တည်ငြိမ်အေးချမ်းရေးနှင့်လူသားအားလုံးအကျိုးဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှု၍ မှန်ကန်မျှတသည့် သတင်းအချက်အလက်များကို မျှဝေပေးသင့်ပါကြောင်း။ ။

# မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၁၁)ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၁၁)ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို နေပြည်တော်ရှိ ငလိုက်ကန်သာဟိုတယ်၌ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ဘဏ္ဍာရေး နှစ်နှစ်စာပါဝင်သည့် မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယအကြိမ် EITI အစီရင်ခံစာ(မူကြမ်း) ထွက်ရှိလာပြီဖြစ်ကြောင်း၊ ယခု နှစ်ရက်တာ ကျင်းပခဲ့သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအလိုက် လိုအပ်နေသည့် ကိန်းဂဏန်းအချက်အလက်များကို ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည့် MSG အဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အဆိုပါ အစီရင်ခံစာ(မူကြမ်း)အား အတည်ပြုနိုင်ခဲ့ပြီး ဖြစ်သည့်အတွက် နိုင်ငံတကာ အတွင်းရေးမှူးချုပ်ရုံးမှ သတ်မှတ်ထားသည့် မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာ နောက်ဆုံးတင်သွင်းရမည့် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အမီ တင်သွင်းနိုင်မည်ဖြစ်ပြီး အစီရင်ခံစာတင်သွင်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ ပထမအကြိမ် ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ယခုကတည်းက စတင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တစ်ပါတည်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယအကြိမ် EITI အစီရင်ခံစာ(မူကြမ်း)အပေါ် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက် ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ Mineral Cadastre စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ သစ်တောကဏ္ဍအတွက် သီးခြားအစီရင်ခံစာထုတ်ပြန်မည့် ကိစ္စရပ်များ၊ Beneficial Ownership နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဖြူးတမံတွင် ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများအသုံးပြု၍ ဘူမိဗေဒဆိုင်ရာ အသေးစိတ်တိုင်းတာမှုများ လေးရက်ကြာ ဆောင်ရွက်

**ဖြူး ဖေဖော်ဝါရီ ၁၆**
ငလျင်လှုပ်ခတ်မှုကြောင့် ဖြူးချောင်းရေလှောင်တမံ၏ တမံကိုယ်ထည်အတွင်းပိုင်း၊ တမံကိုယ်ထည်နှင့် ဆက်စပ်နေသော အစိတ်အပိုင်းများ မည်ကဲ့သို့သော ပြောင်းလဲသက်ရောက်မှုများ ဖြစ်ပေါ်နေသည်ကို သိရှိနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဘူမိဗေဒရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် ဦးစီးအရာရှိ ဦးစောလှသန်းတို့ ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ဖြူးတမံတွင် ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ဘူမိဗေဒဆိုင်ရာ အသေးစိတ်တိုင်းတာမှုများ လေးရက်ကြာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ တိုင်းတာစစ်ဆေးမှုများအရ ငလျင်လှုပ်ခတ်မှုကြောင့် ဖြူးတမံကိုယ်ထည်ပိုင်းနှင့် တမံအောက်ခံမြေသား အခြေအနေများ မည်သို့မျှ ပြောင်းလဲမှုမရှိကြောင်းနှင့် တမံ၏ တောင့်တင်းခိုင်မာမှုမှာ အပြည့်အဝရှိကြောင်း တိုင်းတာသိရှိရကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ဖြူးမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ ဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၆ ဒသမ သုည အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှားခဲ့ပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၇ ရက်အထိ နောက်ဆက်တွဲငလျင် ၁၄ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း ဖြူးတမံတွင် တပ်ဆင်ထားသော ငလျင်တိုင်းတာစက်မှတစ်ဆင့် တိုင်းတာရရှိခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုများရှိနေခြင်းကြောင့်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများမှ စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး မျက်မြင်စစ်ဆေးချက်များအရ ထိခိုက်ပျက်စီးမှုများ မရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

# တီဘီရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ခြင်းစီမံချက် မြို့နယ်အဆင့် မွမ်းမံသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အတွင်း တီဘီရောဂါဝေဒနာရှင်များအား ပြည်သူလူထု အခြေပြု ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ခြင်း စီမံချက် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပခဲ့သည်။

သင်တန်းနည်းပြ သုံးဦးက တီဘီရောဂါဝေဒနာရှင်များအား သက်တမ်းစေ့ ရှင်သန်နေထိုင်သွားနိုင်ရေးအတွက် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာများနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်မှုနည်းစနစ်များ ပါဝင်သည့် သင်ခန်းစာ အခန်း(၁၀)ခန်းအား စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ မိခင်နှင့် ကလေးဆယ်အိမ်စုမှူးများ၊ မိခင်နှင့် ကလေးအရန်သားဖွားများ၊ ကျန်းမာရေးလုပ်သားများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀ မန္တလေး(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၄၀ ကျပ်၊ | ၈၆၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၅၅ ကျပ်၊ | ၉၁၅/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၁၀ ကျပ်၊ | ၈၅၀/၈၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၈၆၀ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၀. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၀. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail theminor.npt@gmail.com
www.facebook.com/themirrordaily

✪ ရှေ့ဖုံးမှ

သံရုံးများ၏ အဆိုပြုတင်ပြချက်များမှ လက်တွေ့တွင် ဖြစ်နိုင်မည့်အချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း မူဝါဒများကို လက်တွေ့ကျကျ ပြန်လည်သုံးသပ်မှုပြုလုပ်ရန်လိုအပ်ကြောင်းနှင့် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ကိစ္စရပ်များကို ပိုမိုမြင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်ကြောင်း” ထည့်သွင်းမှာကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နေပြည်တော်သံတမန်ဇုန်မြေကွက်များနှင့်စပ်လျဉ်း၍ Video Projector ဖြင့် ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်သံတမန်ဇုန်တည်ဆောက်မှုများနှင့်ပတ်သက်၍ Video Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်သံတမန်ဇုန် မြေကွက်များနှင့်စပ်လျဉ်း၍ မူဝါဒဆိုင်ရာများ၊ နေပြည်တော်သို့ နိုင်ငံခြားသံရုံးများ ဆောလျင်စွာပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာ ကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံသံအမတ်ကြီး H.E. Mr. Abdelilah El Housni အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၆**

ကျောက်ဆည်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အင်းကုန်းကျေးရွာ ထရန်စဖော်မာအသစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦး၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးနှင့်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဌေးနှင့်အဖွဲ့ဝင်များက ကျေးရွာလုံးကျွတ် မီးလင်းရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။ ယခင်က အိမ်ခြေ ၁၅၄ အိမ်သာ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီး ထရန်စဖော်မာအသစ်တပ်ဆင်ပြီးစီးပါ ကျေးရွာလုံးကျွတ်လျှပ်စစ်မီးသုံးစွဲနိုင်မည့်အပြင် အခြား အသေးစားလုပ်ငန်းများအတွက်ပါ လျှပ်စစ်မီးသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအား နိုင်ငံတော်မှ မတည်ငွေကျပ်သိန်း ၁၀၀၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်း ၄၀ နှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၂၃၁ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**


ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်အထက်လွှတ်တော်ကိုယ်စားလှယ် Rt. Hon. Lord Malcolm Bruce of Bennachie နှင့် ဗြိတိန်အောက်လွှတ်တော်ပညာရေးကော်မတီဥက္ကဋ္ဌဟောင်း Mr. Neil Carmichael တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-11)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၀ ပြည့်နှစ် အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ဂျပန်နှင့် အိုင်အေအီးအေ ပူးပေါင်းဆောင်ရွက်မည်



**ဗီယင်နာ ဖေဖော်ဝါရီ ၁၆**

၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ် အားကစားပွဲတော်နှင့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့ကို နျူကလီးယားပစ္စည်းများ ပါဝင်ပတ်သက်နေသော အကြမ်းဖက်တိုက်ခိုက်မှုမှ ကာကွယ်ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဂျပန်အစိုးရအဖွဲ့နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)တို့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် ပွဲတော်နှင့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့ လုံခြုံရေးအတွက် အိုင်အေအီးအေမှ ကျွမ်းကျင်သူ ပညာရှင်များ ပါဝင်ဆောင်ရွက်မည့် စီမံချက်များကို ရေးဆွဲဆောင်ရွက်ရေး၊ နျူကလီးယားလုံခြုံရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန် သတင်းအချက်အလက်များဖလှယ်ရေး၊ ဓာတ်ရောင်ခြည် ထောက်လှမ်းဖော်ထုတ်ရေး ကိရိယာများ တပ်ဆင်နိုင်ရေးအတွက် အိုင်အေအီးအေထံမှ ချေးငွေရယူရေးတို့နှင့်ပတ်သက်၍ သဘောတူညီချက်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရကိုနိုနှင့် အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယ အမာနိုတို့သည် တွေ့ဆုံဆွေးနွေးခြင်းမရှိမီ အဆိုပါ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

နျူကလီးယားဆိုင်ရာ အကြမ်းဖက်မှုကို တားဆီးကာကွယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အိုလံပစ်ပွဲတော် ဘေးကင်းလုံခြုံရေးအတွက် အလုံးစုံ ပူးပေါင်းဆောင်ရွက်ရန် မိမိတို့လိုလားကြောင်း ဝန်ကြီးကိုနိုက ပြောကြားသည်။

ဂျပန်လူမျိုး အမာနိုသည် ၂၀၀၉ ခုနှစ်တွင် အိုင်အေအီးအေ၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိမီ အထက်တန်း သံတမန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို အိုင်အေအီးအေက စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် မျှော်လင့်လျက် ဂျပန်နှင့် အိုင်အေအီးအေအကြား ပူးပေါင်းဆောင်ရွက်သွားရေး လိုအပ်ပုံကိုလည်း ၎င်းတို့ နှစ်ဦး သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ကျိုဒို**

# ဖလော်ရီဒါ စာသင်ကျောင်း အကြမ်းဖက်သမားသည် လူဖြူ လူမျိုးကြီးအုပ်စုနှင့် ဆက်နွယ်လျက်ရှိ

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၁၆**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပတ်ခ်လန်းမြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် အသက် (၁၉) နှစ်အရွယ် အကြမ်းဖက်သမားသည် လူဖြူလူမျိုးကြီးဝါဒကို လက်ကိုင်ထားသောအုပ်စုနှင့် ပတ်သက်ဆက်နွယ်ခဲ့သည့် အထောက်အထားများတွေ့ရှိရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်က ဖလော်ရီဒါပြည်နယ် ပတ်ခ်လန်းမြို့ အထက်တန်းကျောင်းတစ်ကျောင်းတွင် အကြမ်းဖက်သမား နီကိုလက်စ် ခရုဇ်က ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးခန့် သေဆုံးခဲ့သည်။

နီကိုလက်စ် ခရုဇ်သည် လူဖြူလူမျိုးကြီးဝါဒလက်ကိုင်ထားသော အဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးသည့်အပြင် လူဖြူလူမျိုးကြီးဝါဒပြန့်ပွားရေးလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ဖူးကြောင်း အဆိုပါဒေသဆိုင်ရာ အဖွဲ့ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသန္တရ မီဒီယာက ဆိုသည်။

နီကိုလက်စ် ခရုဇ်သည် ၎င်းပြစ်မှုကျူးလွန်ခဲ့သည့် ရိုင်ဖယ်သေနတ်ကို လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလကစပြီး သေနတ်ဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အင်တာနက်စာမျက်နှာပေါ်တွင် သေနတ်ကိုင်ဆောင်ထားသည့် ဓာတ်ပုံကို ပို့စ်တင်ထားကြောင်း စုံစမ်းစစ်ဆေးရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ နီကိုလက်စ် ခရုဇ်၏ ပို့စ်အောက်တွင် "ပရိုဖက်ရှင်နယ် စာသင်ကျောင်း သေနတ်သမား ဖြစ်တော့မယ်"ဟု လူတစ်ဦးက ရေးသားထားကြောင်း တာဝန်ရှိသူများက ဆိုသည်။

နီကိုလက်စ် ခရုဇ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**





# မက္ကဆီကို၌ ချစ်သူများနေ့ အထိမ်းအမှတ် ကခုန်ပွဲတွင် ပစ်ခတ်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၆**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သော ယွန်လာချီဂါလာမြို့၌ ချစ်သူများနေ့ အထိမ်းအမှတ် ကခုန်ပွဲ ကျင်းပလျက်ရှိစဉ် သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားကြသည်။

မက္ကဆီကိုနိုင်ငံ အောက်ဇာကာပြည်နယ် ယွန်လာချီဂါလာမြို့၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁ နာရီခွဲခန့်က ကခုန်နေသော လူအုပ်အတွင်းသို့ သေနတ်ပစ်ခတ်ခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ရပြီး သေဆုံးသူများတွင် ယင်းမြို့၏ မြို့တော်ဝန် ရှာဖေးလ်မယ်ချာရစ်၏ ဖခင်နှင့် အခြားမိသားစုဝင်များ ပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်သော ယွန်လာချီဂါလာမြို့သည် ပြည်နယ်မြို့တော် အောက်ဇာကာမှ ကီလိုမီတာ ၉၀ ခန့်ကွာဝေးပြီး လူဦးရေ ၃၃၀၀ ခန့် နေထိုင်ရာမြို့ဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယအစိုးရပိုင် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ဝန်ထမ်းသစ်ဦးရေ ၉၀၀၀၀ နီးပါး ခန့်ထားမည်ဟုဆို

**နယူးဒေလီ ဖေဖော်ဝါရီ ၁၆**

အိန္ဒိယအစိုးရပိုင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အင်အား ၉၀၀၀၀ နီးပါးရှိသည့် ဝန်ထမ်းသစ်များ စုဆောင်းခန့်ထားရေး အစီအစဉ်ကို စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယင်းမှာ အဆိုပါလုပ်ငန်းအတွက် အကြီးမားဆုံးသော ဝန်ထမ်းသစ်များခန့်အပ်သည့် အစီအစဉ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယရထားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းဦးရေ ၁၃၀၀၀ ခန့်သည် ခွင့်ပြုချက်မရရှိဘဲ ကာလရှည် ခွင့်များခံစားနေခြင်းကြောင့် ၎င်းတို့အား အလုပ်မှ ထုတ်ပယ်ခဲ့ပြီး ရက်ပိုင်းအကြာတွင် ဝန်ထမ်းသစ်စုဆောင်းမှု အစီအစဉ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဝန်ထမ်းဦးရေ ၈၉၄၀၉ ဦးအား အသစ်ခန့်ထားမည့် ကမ္ဘာ့အကြီးမားဆုံး အလုပ်သမားခန့်ထားရေး လုပ်ငန်းစဉ်ကို အိန္ဒိယအစိုးရ ရထားလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရထားလမ်းကွန်ရက်ဆက်သွယ်မှုထဲတွင် တစ်ခုပါဝင်ပြီး နိုင်ငံ၏ မြောက်ဘက်ပိုင်းမှ တောင်ဘက်ပိုင်းဒေသများသို့ ဆက်သွယ်ထားကာ နိုင်ငံတစ်ဝန်းတွင် ရထားလမ်းဆက်သွယ်မှုများ ရှုပ်ထွေးစွာ တည်ရှိနေသည်။

ရထားပို့ဆောင်ရေးလုပ်ငန်း၌ ခရီးသည်တင် ရထားအစင်းရေ ၉၀၀၀ ခန့် ခုတ်မောင်းနေပြီး ခရီးသည်ဦးရေ ၂၃ သန်းခန့်ကို နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

အိန္ဒိယရထားပို့ဆောင်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြောသည့် အများပြည်သူဆိုင်ရာလုပ်ငန်းကြီးဖြစ်ပြီး စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ၎င်းဌာန၏ ကိုယ်ပိုင်ရဲတပ်ဖွဲ့အပြင် ဆောက်လုပ်ရေးကုမ္ပဏီများရှိပြီး လခစားဝန်ထမ်းဦးရေ ၁ ဒသမ ၃ သန်းခန့်ရှိကာ ကမ္ဘာပေါ်တွင် သတ္တမမြောက်ဝန်ထမ်းဦးရေ အများဆုံးရှိသည့် လုပ်ငန်းဖြစ်သည်။

ကိုလိုနီခေတ်အတွင်းက တည်ဆောက်ခဲ့သည့် ရထားလုပ်ငန်းအခြေခံအဆောက်အအုံများ အများစုရှိသည့် ၎င်းနိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်မှာ ခေတ်နောက်ကျနေပြီး ရထားနှင့် ဆက်စပ်ဖြစ်ပွားသော မတော်တဆမှုများ အကြိမ်များစွာ ဖြစ်လေ့ရှိသည်။ အိန္ဒိယတွင် နှစ်စဉ်ဖြစ်ပွားသည့် ရထားမတော်တဆမှုများ၌ ရထားတွဲများ လမ်းချော်ခြင်းမှာ အများစုဖြစ်ပြီး လူအများအပြား သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# ယခုချေးငွေသည် နိုင်ငံ၏ အရေးပါသည့် SME လုပ်ငန်းများအတွက် အထောက်အကူများစွာ ရလာနိုင် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်လာမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို တင်ပြခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီတို့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဌ ဦးထွန်းထွန်းဟိန်က ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ အစီရင်ခံစာ၏ အကြံပြုတင်ပြချက်တွင် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏကိုသာသိရှိရပြီး လုပ်ငန်းစီမံကိန်းများ၏ အခြေအနေကို ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ အမျိုးသားစီမံကိန်းဥပဒေသည် နိုင်ငံတော်၏ စီမံကိန်း ရည်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေပြဌာန်းဆောင်ရွက်စေခြင်းဖြစ်ရာ ယင်းဥပဒေပါ လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုပမာဏသာမက လုပ်ငန်းစီမံကိန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ လာမည့်ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုပါ နှစ်စဉ် တင်သွင်းမည့် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)၌ "ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ" အစီရင်ခံစာကို ပူးတွဲဖော်ပြပေးရန် လိုအပ်ကြောင်းအကြံပြုထားသည်။

ထို့အပြင် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများ၊ စက်ပစ္စည်းများနှင့် ရုံးသုံးစက်ပစ္စည်းများ၊ ပရိဘောဂများအတွက် အသုံးစရိတ်များတောင်းခံရာတွင် လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ အတိုင်းအတာ ပမာဏနှင့် စံချိန်စံညွှန်းများကို မှန်ကန်တိကျပြည့်စုံစွာ ဖော်ပြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင်တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းများကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်း အကြံပြုထားသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများအပေါ် ဆွေးနွေးလိုသူရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ တာဝန်ရှိသူများ**က ဖတ်ကြားရှင်းလင်းကြသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီအရင်ခံစာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဌ (၁)ဦးဇော်မင်းက ဖတ်ကြားရှင်းလင်းသည်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ "အရေးပေါ်ရန်ပုံငွေ" အပိုင်းတွင် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်းမသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင်ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အရအသုံးမှန်းခြေစာရင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာပါ စိစစ်ပြင်ဆင်မှုများအတိုင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ကော်မတီက သဘောထားမှတ်ချက်ပြုထားသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဌ(၂) ဦးအောင်မင်းက ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေကို လေ့လာဆန်းစစ်ပြီး နိုင်ငံတော်ကို အထောက်အကူပြုနိုင်မည့် စီးပွားရေးအရ အောင်မြင်သော လုပ်ငန်းများဖြစ်စေရေးအတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး စက်ရုံ၊ အလုပ်ရုံတစ်ခုချင်းအလိုက် လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ် ကို တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးဆောင်ရွက်သွားသင့်ပါကြောင်း။

ပြည်ပအကူအညီရငွေနှင့် ချေးယူငွေများနှင့်စပ်လျဉ်း၍ အကူအညီရငွေ၊ ချေးယူငွေတို့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို မူလလျာထား ဆောင်ရွက်သည့် အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကူညီထောက်ပံ့ငွေနှင့် ချေးငွေပေးအပ်သည့် အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များကို ကျွမ်းကျင်မှုရှိစေရေး လေ့လာဆောင်ရွက်သွားရန်၊ အမှန်တကယ်ရရှိရန်သေချာသည့် ငွေကြေးပမာဏကိုသာ လျာထားပြီး လျာထားသည့် လုပ်ငန်းပမာဏပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် လျာထားသည့် ငွေကြေးပမာဏအတိုင်း ပြည့်မီအောင် ရယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း သဘောထားမှတ်ချက်ပြုထားသည်။

ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ပေးခြင်းနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများတွင် ခေတ်မီ IT နည်းပညာကို အသုံးပြုဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အသုံးစရိတ် မူဝါဒပါ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးကျခံ သုံးစွဲခြင်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ မှန်ကန်ထိရောက်မှုနှင့် ရည်မှန်းထားသည့်အတိုင်း ပေါက်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအခြေအနေအရ ဦးစားပေးတိုးမြှင့်ဆောင်ရွက်သွားရန် သဘောထားမှတ်ချက်ပြုထားသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အပြင် အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က ယခုချေးငွေမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ချေးယူခြင်းဖြစ်သည်ဟုဖော်ပြထားပါကြောင်း၊ ယခုစီမံကိန်းအဆင့်နှစ်တွင် SME ချေးငွေများကိုအမှန်တကယ် သုံးစွဲလိုသူများလက်သို့ ရောက်ရှိစေရန်အတွက် မည်သို့စီမံဆောင်ရွက်သွားမည်ကို ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်ပါကြောင်း၊ SME စီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရာတွင် ကျေးလက်နေပြည်သူများ SME ချေးငွေကိုရရှိရန် ဝေးကွာနေဆဲဖြစ်ပါကြောင်း။

ချေးငွေပမာဏမှာအများဆုံး သိန်း ၂၀၀ ဖြစ်သော်လည်း ယင်းငွေပမာဏဖြင့် လုပ်သာကိုင်သာရှိပြီး ပေးရသည့် အတိုးနှုန်းမှာ ပြင်ပမှ အတိုးနှင့်နှိုင်းယှဉ်လျှင် အကျိုးအမြတ်ရှိစေနိုင်ပြီး အာမခံအပေါင်ပစ္စည်းပေးပြီး ချေးယူသည့် SME လုပ်ငန်းရှင်များမှာလည်း အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရသည့်အတွက် လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် အဆင်ပြေမှုများရှိလာနိုင်ပါကြောင်း။

လက်ရှိလုပ်ဆောင်နေသည့် SME လုပ်ငန်းများမှာ အောင်မြင်ရန် အလားအလာကောင်းသည့် လုပ်ငန်းများဖြစ်နေသော်လည်း လိုအပ်သော ငွေကြေးအထောက်အပံ့များ မရှိသည့်အတွက် တိုးတက်မှုနှေးကွေးနေပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)အစီအစဉ်အရ နိုင်ငံခြားမှ သွင်းကုန်များမြောက်မြားစွာ ဝင်လာသည့်အခါ ပြည်တွင်း SME လုပ်ငန်းများတောင့်တင်းခိုင်မာမှုမရှိလျှင် ပြည်ပသွင်းကုန်များကို မယှဉ်ပြိုင်နိုင်သည့်အတွက် ပျက်စီးမှုများဖြစ်နိုင်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုများစွာထိခိုက်နိုင်သောကြောင့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က ယခုချေးငွေသည် နိုင်ငံ၏ အရေးပါသည့် SME လုပ်ငန်းများအတွက် အထောက်အကူများစွာ ရလာနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအတွက်လည်း များစွာ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း၊ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်လာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ချေးငွေထုတ်ချေးရာတွင် SME လုပ်ငန်းရှင်များအား ငွေထုတ်ချေးရသည့် မူလရည်ရွယ်ချက်မပျောက်စေရန် အရေးကြီးပါကြောင်း၊ ယခုချေးငွေသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အောင်မြင်တိုးတက်လိုသည့် SME လုပ်ငန်းရှင်များကို မြေတောင်မြှောက်ပေးရန်၊ အထောက်အကူပြုရန် မဟုတ်ဘဲ တရားမဝင်ငွေပိုင်ဆိုင်သူများအတွက် အခွန်ရှောင်လို၍ အသုံးချချေးယူခံရခြင်းမျိုးမဖြစ်စေရန်လည်း သတိထားဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယခုချေးငွေသည် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုတို့အတွက် အဓိကထားပြီး ထုတ်ချေးခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ အတိုးနှုန်းအနေဖြင့် ၉ ရာခိုင်နှုန်းဖြစ်ပြီး ပုံမှန်အတိုးနှုန်း ၁၃ ရာခိုင်နှုန်းထက် နည်းနေသည့်အတွက် ငွေကြေးတန်ဖိုးအတက်အကျမမှန်ခြင်းနှင့် ငွေဖောင်းပွမှုအတွက်လည်း ထည့်သွင်းတွက်ချက်ရန် အကြံပြုလိုပါကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယှဉ်တွဲပြီး ကုန်ကြမ်းတင်ပို့မှုလုပ်ငန်းများအတွက်ကိုပါ ထုတ်ချေးပေးနိုင်မည်ဆိုလျှင် ငွေကြေးလိုအပ်ချက်ရှိနေသည့် လုပ်ငန်းရှင်များအတွက်လည်း အထောက်အကူပြုလာနိုင်မည်ဟု ထင်မြင်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်တို့က ဆွေးနွေးကြသည်။

အဆိုပါ ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို အစည်းအဝေး နဝမနေ့တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။ **မျိုးမြင့်၊ မိမိဖြိုး(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမမြောက်နေ့သို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဟသ်ာတကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန ဘွဲ့လွန်နိုင်ငံတကာဆက်ဆံရေး ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပင်လုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Westminster Foundation For Democracy မှ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၄၄၈ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၅၅၀၅ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်ရှင်သည် ပြည်သူ့အတွက်

တက္ကသိုလ်ယဉ်ယဉ်လဲ့

> မိမိတို့ ချစ်သော အနုပညာလောကကို အဆင့်အတန်း မြင့်မားစေလိုသည့် စေတနာ လွန်ကဲနေကြသောကြောင့် အစွန်းအထင်းမခံဘဲ မှန်ကန်စွာ လုပ်ဆောင်ခြင်းကို တချို့က နားမလည်၍ ဆင်ဆာအဖွဲ့ဝင် အချို့မှာ စည်းကမ်း တင်းကျပ်လွန်းသည်ဟု ထင်မြင်ကြခြင်းဖြစ်သည်။

ရုပ်ရှင်ညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့ရာတွင် ရုပ်ရှင်လောကသားများ ဆွေးနွေးအကြံပြုခဲ့ကြသည့် အကြံပြုချက် ၇၅ချက်၌ ဆင်ဆာမူဝါဒ လျှော့ချရေးသည် အဓိကအကျဆုံးဖြစ်လာခဲ့သည်။

လက်ရှိကျင့်သုံးနေသော ဆင်ဆာမူဝါဒ ၆ ချက်မှ နိုင်ငံရေး၊ အမျိုးသားယဉ်ကျေးမှု၊ ရက်စက်ကြမ်းကြုတ်မှု အချက်၃ ချက်ကို ဖြုတ်ပေးရန် ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် အဓိကသရုပ်ဆောင်များ ပါဝင်သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

**မြန်မာ့ရုပ်ရှင်တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ**

ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆင်ဆာကိစ္စကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားပြီးနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးရေး ကော်မတီမှ ဒေါက်တာသန်းဝင်း၊ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေတို့ကလည်း ရုပ်ရှင်လောကသားတို့အတွက် ဆင်ဆာနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲရန် စေတနာပါပါ လိုလိုလားလား ဆွေးနွေးအကြံပြုပေးခဲ့ကြသည်။

ရုပ်ရှင်ဥပဒေသစ်ထွက်ပေါ်လာရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ ဥပဒေကြမ်းကို ရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းကြရမည်ဖြစ်ပါသည်။

ဥပဒေရေးဆွဲမှုနှင့် ပတ်သက်ပြီး ဆွေးနွေးကြရာတွင် ရုပ်ရှင်လောကသားများအနေဖြင့် မိမိတို့ လိုချင်တာထည့်သွင်း၍ ရတာလည်းရှိမည်၊ မရတာလည်းရှိမည်ကို သတိပြုကြစေလိုပါသည်။

နာယကကြီး စည်သူဦးကြည်စိုးထွန်းကလည်း ရုပ်ရှင်လောကသားတွေ ညီညွတ်ဖို့လိုပါကြောင်း၊ ဘာပဲလုပ်လုပ် **"ရုပ်ရှင်သည် ပြည်သူ့အတွက်"** ဟူသော ဆောင်ပုဒ်ဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ရုပ်ရှင်အနုပညာရှင်များသည် မိမိတို့တတ်ကျွမ်းသည့် အနုပညာ၊ အတတ်ပညာများဖြင့် ပြည်သူတို့အတွက် အကျိုးရှိရာရှိကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းများ ဖန်တီးလုပ်ဆောင်ပေးရမည်ဟု ပြောသွားပါသည်။

**ရုပ်ရှင်ဥပဒေနှင့် ဆင်ဆာမူဝါဒ**

မိမိတို့ဖန်တီးသော အနုပညာသည် ပြည်သူကို အဆိပ်အတောက် မဖြစ်စေရန် သတိပြုကြစေလိုပါသည်။

ထိုနေ့က ရုပ်ရှင်လောကသားများက ဆင်ဆာနှင့်ပတ်သက်သော စာတမ်းသုံးစောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ဒါရိုက်တာ ဇော်မြင့်ဦးက ဆင်ဆာမူဝါဒများနှင့် ရုပ်ရှင်လောကသားတို့၏ ဆန္ဒ ဟူသောခေါင်းစဉ်ဖြင့် အပိုင်းလေးပိုင်းခွဲ၍ တင်ပြသွားသည်။ ဇာတ်ညွှန်းအလွှာမှ ဦးကိုကိုလေးကလည်း ဆင်ဆာမူဝါဒများကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

Forever Group Co.,Ltd မှ အကြံပေးဖြစ်သူ ဦးသိန်းထွန်းအောင်ကလည်း တည်ဆဲဥပဒေများအရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ ဖွဲ့စည်းမှုအခြေအနေများ၊ ဆင်ဆာကြည့်ရှုရာတွင် အခြေခံသည့်အချက်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား ထုတ်လုပ်သူများနှင့် ဆင်ဆာအဖွဲ့အကြား ဖြစ်ပေါ်လာသော ဝိရောဓိများနှင့် ပြောင်းလဲကျင့်သုံးသင့်သော ဆင်ဆာကြည့်ရှု စစ်ဆေးမှုစနစ်များကို ဆွေးနွေးခဲ့သည်။

**ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး**

ပထမပိုင်းအစီအစဉ်နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးမှုတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခု ဆွေးနွေးပြောကြားချက်များ ကောင်းမွန်ပါကြောင်း၊ ဥပဒေတွေ၊ ပြဋ္ဌာန်းချက်တွေ အခိုင်အမာရှိနေသည့်အတွက် ပြင်ဆင်ရန် ခက်ခဲပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအောက်တွင် လုပ်ဆောင်နေရသဖြင့် ဥပဒေပြင်ဆင်ပြီးမှသာ ရုပ်ရှင်လောကသားများ၏ လိုအပ်ချက်ကို လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ဥပဒေရှိလျက်ဖြင့် လုပ်ဆောင်ပေး၍ မရပါကြောင်း၊ ဥပဒေပြင်မှ ရမည်ဖြစ်ပါကြောင်း၊ စာပေ၊ ဂီတ၊ သဘင်မှာ လွတ်လပ်သွားပြီဆိုသော်လည်း စာပေမှာ လွတ်လပ်စွာ ရေးသားခွင့်ရရှိရန်အတွက် ၁၉၆၂ ခုနှစ် ဥပဒေကို ပယ်ဖျက်ပြီး ထိုဥပဒေအစား ပုံနှိပ်ဥပဒေနှင့် သတင်းမီဒီယာဥပဒေ(၂)ခုဖြင့် အစားထိုးခဲ့ကြောင်း၊ ရုပ်ရှင်ဥပဒေကို ခေတ်စနစ်နှင့် လျော်ညီသော၊ လွတ်လပ်မှုကို အားပေးသော၊ ကာကွယ်စောင့်ရှောက်သော ဥပဒေတစ်ရပ်အဖြစ် အမြန်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စောစောက အချက်များကို ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း၊ ဆင်ဆာအဖွဲ့ဆိုရာမှာလည်း Rating နှင့် ပဲလုပ်လုပ်၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ပြီး ထိန်းသိမ်းရမည့်အဖွဲ့ ရှိရန် လိုအပ်ပါကြောင်း၊ ဆင်ဆာတင်းကျပ်မှုများကြောင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်နေသည်ဆိုပါက တတ်နိုင်သလောက် ဖြေလျှော့မှုကို ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အပါအဝင် ရုပ်ရှင်လောကသားများကလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုကဲ့သို့ ပြောကြားခဲ့မှုအပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဆင်ဆာအဖွဲ့ဝင်များနှင့် သီးသန့်တွေ့ဆုံ၍ တင်းကြပ်သော ဆင်ဆာမူဝါဒများ လျှော့မချနိုင်ခင်၊ Rating စနစ်သို့ မကူးပြောင်းနိုင်ခင် ရုပ်ရှင်လောကသားများအတွက် စေတနာဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို ညှိနှိုင်းကာ ဆင်ဆာအဖွဲ့ဝင်များက တတ်နိုင်သမျှ ဖြေလျှော့နိုင်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။



**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပသော မြန်မာ့ရုပ်ရှင်တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ကိုရီးယားနိုင်ငံ KMRB, Organization Classification မှ Ms. Kim Min Hee ဆွေးနွေးပြောကြားစဉ်။**

**စေတနာမှ ဝေဒနာဖြစ်**

ဆင်ဆာအဖွဲ့ဝင်များအနေဖြင့် မူဘောင်အတွင်းမှ ထောက်ညွှန်ကြရာတွင် အချို့နေရာများ၌ စေတနာမှ ဝေဒနာ ဖြစ်သွားခဲ့ရခြင်းမျိုးလည်း ရှိနေသည်။

ရုပ်ရှင်ကား တစ်ကားပြီးလျှင် ဒါရိုက်တာတချို့က ရှေ့ဆက်၍ တစ်ကားပြီးတစ်ကား ရိုက်ကူးသွားကာ ဆင်ဆာဖြတ်၍ ပြန်လည်ပြင်ဆင်ရမည့်ကားကို လှည့်မကြည့်တတ်ပုံနှင့် တာဝန်မယူတတ်ကြောင်းကိုလည်း ရုပ်ရှင်ထုတ်လုပ်သူတို့၏ စိတ်ပျက်လက်ပျက် ညည်းတွားသံကြားရသဖြင့် ဆင်ဆာအဖွဲ့ဝင်များက မည်သို့ပြုပြင်နိုင်သည်ကို စဉ်းစားပေးပြီး ထောက်ညွှန်တတ်ကြပါသည်။

ဇာတ်လမ်းကို မရိုက်ခင် ကြိုတင်ခိုင်းခြင်းမှာလည်း ရိုက်ပြီးမှ ပြုပြင်ဖြတ်တောက်ရလျှင် ပို၍ခက်ခဲမည်စိုး၍ ဇာတ်လမ်းတင်ခိုင်းခြင်းသာ ဖြစ်သည်။

ဆင်ဆာအဖွဲ့သည် ရုပ်ရှင်လောကသားများအတွက် တစ်ဖက်တစ်လမ်းမှ ဉာဏ်စွမ်းရှိသမျှဖြင့် ကူညီပေးနေကြခြင်းဖြစ်ပါသည်။

သို့ရာတွင် ဗီဒီယို၌ ဇာတ်လမ်းကြိုတင်ရရှိခြင်းမရှိ။ ထိုအခါ အများပြည်သူသို့ ပြသရန် ဆင်ဆာတင်ချိန်မှသာ ဇာတ်လမ်းဇာတ်ကွက်တွေ တူခြင်း၊ ရာဇဝင်သမိုင်းကြောင်းတွေ မှားယွင်းနေခြင်း၊ ဂျပန်ခေတ်၊ ကိုလိုနီခေတ်ကို ရိုက်ကူးသော်လည်း ထိုခေတ်မှာမရှိသော အဝတ်အစား၊ ပစ္စည်းအသုံးအဆောင်များ ပါရှိနေခြင်း၊ သက်ဆိုင်သူများထံမှ ခွင့်ပြုချက်မယူဘဲ သီချင်းများ ယူသုံးခြင်း၊ ဇာတ်လမ်းမတူသော်လည်း ဇာတ်ကားအမည်တူနေခြင်း စသည့် အလွဲအမှား အမျိုးမျိုးကို ထောက်ညွှန်တန်သည်ကို ထောက်ညွှန်၊ ဖြတ်သင့်သည်ကိုဖြတ်၊ ညှိနှိုင်းသင့်သည်ကို ခေါ်ယူညှိနှိုင်း ဖြေရှင်းပေးကြခြင်းဖြစ်သည်။

ရုံတင်ကားကြီးများမှာလည်း ဇာတ်လမ်းကြိုတင်ပြီး ပြည့်စုံအောင်မရေးသောအခါ ဇာတ်လမ်းအခန်းစဉ်တွင် မပါသောအခန်းများ ပါဝင်လာပြီး ပြင်ဆင်ပေးရခြင်းများ ရှိလာခြင်းဖြစ်သည်။

ဥပမာ "အုတ်ကြားမြက်ပေါက်" ရုပ်ရှင်ကားဆိုလျှင် ရုံတင်၍ လူကြိုက်များပြီး ပိုက်ဆံ သောက်သောက်လဲရနေချိန်၊ ဘာသာရေး ထိခိုက်ငြိစွန်း၍ ထိုကားဖြုတ်ချရန် ကန့်ကွက်စာပို့ခဲ့သည့် အချိန်၊ ဆင်ဆာအဖွဲ့ဝင်များက ညတွင်းချင်း အစည်းအဝေးထိုင်၊ ငြိစွန်းထိခိုက်စေသော အခန်းကို ချက်ချင်းဖြတ်ပြီး ဆက်လက်ပြသနိုင်ရန် ကူညီလုပ်ဆောင်ပေးခဲ့ကြသည်။

"ကျွန်"ဆိုသော ဇာတ်ကားတွင်လည်း ပြသသောရုံတိုင်းတွင် ကြိတ်ကြိတ်တိုး၊ ကြည့်သူတိုင်း ကြိုက်နေချိန်၊ ထိုကားကို မကျေမနပ် ကန့်ကွက်သူရှိလာရာ ဆင်ဆာအဖွဲ့ဝင်များက "ကျွန်"ဆိုသော ဇာတ်ကားအမည်သည် ဇာတ်လမ်းပါ အကြောင်းအရာအရ လူသားတွေသည် မိမိတို့ဘာသာ မသိဘဲ မိမိတို့၏ မောဟကျွန်၊ ဒေါသကျွန်၊ အတ္တကျွန်ဖြစ်နေသည့် အဓိပ္ပာယ်ကိုဆောင်သဖြင့် "ကျွန်" ဟူသော အမည်သည် ဇာတ်လမ်းနှင့် လိုက်ဖက်မှုရှိ၍ ထုတ်လုပ်သူနှင့် အနုပညာဖန်တီးသူများဘက်မှ ရပ်တည်ပြီး ဆက်လက်ရုံတင်ပြသနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပေးခဲ့ပါသည်။

ရုံတင်ပြသပြီးသောအခါမှ ပုဂံတွင် ရိုက်ကူးခွင့်ပြုခဲ့စဉ်ကအတိုင်း နာမည်ပြောင်းစေပြီး တာဝန်ရှိသူတွေနှင့် တရားရုံးရင်ဆိုင်စေတာဖြစ်သည်။

ထိုကဲ့သို့ အဖြစ်အပျက်များသာမက အများသူငါ မသိဘဲ အခက်အခဲများစွာကို ကူညီဖြေရှင်းပေးနေကြရခြင်း ဖြစ်ပါသည်။

**စေတနာ လွန်ကဲနေကြသောကြောင့်**

ဆင်ဆာအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်အများစုမှာ စာပေ၊ ရုပ်ရှင် အနုပညာရှင်များဖြစ်ပြီး အနုပညာလုပ်ငန်းများကို ချစ်မြတ်နိုးကြသည်။ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်သူများအနေဖြင့်လည်း ရုပ်ရှင်ကို ချစ်မြတ်နိုးသူ၊ ဝါသနာပါသူများဖြစ်ကြပြီး ရုပ်ရှင်လောကသားတွေကို အထင်ကြီး လေးစားတတ်သလို ဥပဒေကိုလည်း ရိုသေလေးစားလိုက်နာကြသူများဖြစ်သည်။

မိမိတို့ချစ်သော အနုပညာလောကကို အဆင့်အတန်း မြင့်မားစေလိုသည့် စေတနာ လွန်ကဲနေကြသောကြောင့် အစွန်းအထင်းမခံဘဲ မှန်ကန်စွာလုပ်ဆောင်ခြင်းကို တချို့က နားမလည်၍ ဆင်ဆာအဖွဲ့ဝင်အချို့မှာ စည်းကမ်း တင်းကျပ်လွန်းသည်ဟု ထင်မြင်ကြခြင်းဖြစ်သည်။

ဒါကိုလည်း ခေတ်နှင့်လိုက်လျောညီစွာ ပြုပြင်ပြောင်းလဲဖို့ ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဆင်ဆာအဖွဲ့ဝင်များက စေတနာဆန္ဒရှိနေတာ အမှန်ပင်ဖြစ်သည်။

**ပြည်ပ ပညာရှင်များ ဆွေးနွေး**

ပြည်ပပညာရှင်များက ဆွေးနွေးကြရာတွင်လည်း ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ Rating စနစ်သို့ ပြုပြင်ပြောင်းလဲခြင်းအတွက် နှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ရသည့် အခက်အခဲ စည်းမျဉ်း စည်းကမ်းများကို ရှင်းပြသွားခဲ့ကြသည်။

Rating စနစ်သည် ပို၍ရှုပ်ထွေးပြီး တာဝန်ခံမှု၊ တာဝန်ယူမှုအပိုင်းများ ကြီးလေးပါသည်။

ထို့ကြောင့်လည်း ဆွေးနွေးပွဲပြီးနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တစ်စုံတစ်ရာ အကျိုးရှိသည့် ဆွေးနွေးပွဲလို့ မှတ်ယူပါကြောင်း၊ ဒီအခမ်းအနားကို စတင်ရောက်ရှိလာချိန်တွင် မိမိတို့စိတ်တွင် ရှိနေသည့် စိတ်ထားနှင့် ကနေ့ ဒီအချိန် အခမ်းအနားပြီးဆုံးချိန်တွင် သိခဲ့ရသည့်၊ ကြားခဲ့ရသည့် အတွေးအမြင်တွေနှင့် တော်တော်လေးကို ကွာခြားသွားလိမ့်မယ်ဟု ထင်မြင်ပါကြောင်း၊ ဤခရီး မနီးပါကြောင်း၊ လောကသားများက ဒီစနစ်ကို အခုချက်ချင်းဖျက်သိမ်း၊ နောက်နေ့မှာ နောက်စနစ်ကို ချက်ချင်းထူထောင်၍ လျင်မြန်စွာသွားလို့ရမည်ဟု ထင်မြင်နေပါကြောင်း၊ ဖြတ်သန်းဖို့ အချိန်များစွာ လိုအပ်မည်ဖြစ်ပါကြောင်း၊ အခု မိမိတို့နိုင်ငံအနေဖြင့် ယနေ့ကြုံတွေ့နေရသော အကျပ်အတည်းမျိုးကို လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက ဖြတ်သန်းခဲ့သည့် ညီနောင် နိုင်ငံတော်ကြီးများဖြစ်ကြသော ကိုရီးယား၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့လို နိုင်ငံကြီးများ၌ပင် ဒီကနေ့ ဒီအချိန်အထိ လွတ်လပ်စွာ အနုပညာဖန်တီးခွင့်ဆိုတဲ့ ကိစ္စနှင့်ပတ်သက်၍ ပွတ်တိုက်မှုပေါင်းများစွာနှင့် ရင်ဆိုင်နေရဆဲဆိုတာ ကြားသိရပါကြောင်း၊ ဒီကနေ့ ဆွေးနွေးပွဲတွင် မျက်နှာချင်းဆိုင်ထိုင်၍ ရင်ထဲမှကိစ္စများ ပြောကြားလိုက်ရသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိမိတို့ကြား၊ မိမိတို့နှင့် ပြည်သူ့လွှတ်တော်၊ မိမိတို့နှင့် ဆင်ဆာအဖွဲ့ဝင်များကြား တူညီသည့် ရည်မှန်းချက် (တစ်)ခုတော့ ရရှိသွားပြီဟု ယူဆပါကြောင်း၊ ယခင်က မိမိတို့ ယုံကြည်ရာကိုသာ ဆုပ်ကိုင်ထားကြသော်လည်း အခုတော့ သွားသင့်သည့်စနစ်(တစ်)ခု၏ ပန်းတိုင်ကို ရောက်ရှိရန် မည်သည့်အပေးအယူများနှင့် သွားကြရမည်ဆိုတာကိုလည်း ပြတ်ပြတ်သားသား မြင်တွေ့ရပါကြောင်း၊ လောကသားများကိုလည်း မေတ္တာရပ်ခံလိုပါကြောင်း၊ လွတ်လပ်ခွင့်ရလိုပါက လွတ်လပ်ခွင့်နဲ့ တန်းတူညီမျှသည့် ကျင့်ဝတ်များ၊ တာဝန်ယူမှု တာဝန်ခံမှုများ၊ ဆင်ခြင်တုံတရားများကိုလည်း ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ အခုအချိန်မှာ မိမိတို့ ပထမဆုံးစတင်လုပ်နိုင်တာက တစ်ဖက်က ဘာမှပေးတာ၊ မပေးတာ ဘေးဖယ်ထား၊ မိမိတို့ စပေးနိုင်တဲ့အရာ(တစ်)ခုရှိပါကြောင်း၊ ထိုအရာမှာ မည်သည့်အရာကို ကျင့်ဝတ်အဖြစ် စောင့်ထိန်းမည်၊ မိမိတို့ကိုယ်တိုင် စောင့်ထိန်းစေလိုပါကြောင်း၊ မိမိတို့ ဖန်တီးလိုက်သည့် အနုပညာ၊ ဖန်တီးလိုက်သည့် ရုပ်ရှင်ဇာတ်ကား တစ်ကားသည် မည်သူ့ကိုမျှ မထိခိုက်စေရဆိုသည့် စိတ်လေးထည့်ပြီး စတင်ဖန်တီးမည်ဆိုပါက ခရီးရှည်ကိုသွားဖို့အတွက် ပထမဆုံးခြေလှမ်းဟု မှတ်ယူပါကြောင်း၊ အဲဒီအချက်ကို လောကသားများက ဒီနေ့ ဒီအချိန်မှစတင်ပြီး နားလည်ပေးစေလိုပါကြောင်း၊ ဒ့ါအပြင် ဒီနေ့ရရှိသွားသည့် အသိပညာ၊ ဗဟုသုတများကိုလည်း မိမိတို့ နယ်ပယ်အသီးသီးတွင်ရှိသည့် လုပ်ဖော်ကိုင်ဖက်၊ ညီအစ်ကို မောင်နှမများကိုလည်း လက်ဆင့်ကမ်း ဝေမျှပေးစေလိုပါကြောင်း၊ မျှဝေလာသည့်၊ တိုးပွားလာသည့် အသိပညာများဟာ မိမိတို့ဆင်ခြင်တုံတရားကို တိုးပွားစေမှာဖြစ်ပါကြောင်း၊ မိမိတို့ဟာ ဆင်ခြင်တုံတရားကြီးမားပြီး ကျင့်ဝတ်သိက္ခာရှိသော အနုပညာလောကတစ်ခုကို ထူထောင်ရန် ဒီနေ့ကစတင်ပြီး ကြိုးစားကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသွားပါသည်။

အဆိုပါဖိုရမ် ပြုလုပ်နိုင်ခြင်းဖြင့် ကောင်းမွန်သော ရလဒ်များ ထွက်ပေါ်ခဲ့သည်ဟု ထင်မြင်ပါသည်။

**"ရုပ်ရှင်သည် ပြည်သူ့အတွက်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ရုပ်ရှင်လောကသားများ၏ စေတနာ မှန်ကန်ပါက **"ဤခရီးမဝေးပါ"**ဟုသာ ဆိုချင်ပါသတည်း။ ။

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

## နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စအပါအဝင် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သည့် ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စအပါအဝင် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့အနောက်ပိုင်း ကျပ်ပြင်တွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသစ် ဆောက်လုပ်

**မိုးကုတ် ဖေဖော်ဝါရီ ၁၆**

မိုးကုတ်မြို့နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန်အတွက် ရန်ကုန်၊ မန္တလေးရောက် မိုးကုတ်သူ မိုးကုတ်သားများ၊ မိုးကုတ်ဒေသခံများ စုပေါင်းလှူဒါန်းငွေဖြင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အနောက်ပိုင်း ကျပ်ပြင်တွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသစ် ဆောက်လုပ်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

ဆေးရုံသစ်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်းပြီး ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်) ဒုတိယဥက္ကဋ္ဌက "မိုးကုတ်ကျပ်ပြင်မှာ ၁၉၇၀ ပြည့်နှစ်တုန်းက ၁၆ ခုတင်ဆံ့ဆေးရုံကို ဆောက်ခဲ့တယ်၊ ဆောက်တဲ့အချိန်တုန်းက ဒေသခံ နှစ်သောင်းနီးပါးရှိပါတယ်၊ အခုလူဦးရေက တစ်သိန်းဖြစ်လာတဲ့အချိန်မှာ လူနာတွေရဲ့ အင်အားနဲ့ ဆေးရုံနဲ့မဆံ့ဘူး၊ ဒါကြောင့် မိုးကုတ်ဒေသခံတွေ၊ ရန်ကုန်၊မန္တလေးရောက် မိုးကုတ်သူ မိုးကုတ်သားတွေရဲ့ စုပေါင်းလှူဒါန်းငွေနဲ့ ခုတင် ၅၀ ဆံ့ဆေးရုံ တိုးချဲ့ဆောက်လုပ်လှူဒါန်းတာပါ" ဟု ပြောသည်။

မိုးကုတ်မြို့တွင် အရှေ့ပိုင်း၌ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံနှင့် အနောက်ပိုင်းတွင် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ နှစ်ရုံရှိကြောင်း၊ ယခု ဆောက်လုပ်သည့် ခုတင် ၅၀ ဆံ့ ဆေးရုံသစ်သည် မိုးကုတ်မြို့အနောက်ပိုင်းရှိ ၁၆ ခုတင်ဆံ့ ဆေးရုံဝင်းအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်အနေနဲ့ကတော့ ဒီဆေးရုံကြီးပြီးတော့မယ်ဆိုရင် ဆေးဝါးတွေ၊ ဆရာဝန် ဝန်ထမ်းတွေ၊ ဆေးရုံသုံးပစ္စည်းနဲ့ ပတ်သက်လို့ လိုအပ်တာတွေကို ပံ့ပိုးပေးမှာဖြစ်ပါတယ်၊ အခုဆို တချို့တစ်ဝက်ကို ပံ့ပိုးပေးထားလို့ ဆေးရုံမှာ ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်) ဒုတိယ ဥက္ကဋ္ဌက ပြောသည်။

မိုးကုတ် အနောက်ပိုင်း ကျပ်ပြင်တွင် အသစ်ဆောက်လုပ်နေသည့် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလက စတင်ဆောက်လုပ်ခဲ့ပြီး ယခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ပြီးစီးပါက နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံသစ်သည် အလျားပေ ၁၆၀၊ အနံ ၅၅ ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်းတစ်သောင်းကျော် ကုန်ကျမည်ဖြစ်ကြောင်း၊ ဆေးရုံသစ်နှင့်အတူ ဆရာဝန်၊သူနာပြုနှင့် ဝန်ထမ်းများနေထိုင်ရန်အတွက် အဆောက်အအုံသစ်များ ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခုတင် ၅၀ ဆံ့ ဆေးရုံသစ်ကြီး ဆောက်လုပ်ရာတွင် လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကားပြောကြားပြီး ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီမှ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**သီသီမင်း**

# (၅)ကြိမ်မြောက် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့မှ ဦးစီးကျင်းပသည့် အာရှတိုက်၏အကြီးမားဆုံးသော (၅)ကြိမ်မြောက် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အပြည်ပြည်ဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပသည်။

"ဒီပွဲမှာ နိုင်ငံတကာက ကမ္ဘာ့ထိပ်သီး အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ အသည်းကင်ဆာ၊ အသည်းခြောက် ဆေးပညာရှင်တွေ တက်ရောက်ဆွေးနွေးတဲ့ပွဲကြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဆရာဝန်တွေအတွက် အထူးအကျိုးရှိမယ်လို့ ယူဆပါတယ်၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ အသည်းကင်ဆာ၊ အသည်းခြောက်၊ အသည်းအဆီဖုံး နောက်ဆုံးပေါ်ကုနည်းတွေကို အဓိကထားဆွေးနွေးသွားမှာပါ၊ နောက်ဆုံးပေါ်နည်းတွေနဲ့ လက်တွေ့ဘယ်လိုကုသနိုင်မလဲဆိုတဲ့ အချက်အလက်တွေကို ဆွေးနွေးသွားမှာပါ၊ စီပိုးကတော့ ၁၀၀ ရာခိုင်နှုန်း ပျောက်ကင်းအောင် ကုသနိုင်ပြီလို့ ပြောလို့ရပါတယ်၊ ကမ္ဘာ့နောက်ဆုံးပေါ်ဆေးတွေလည်း ရနေပြီ၊ ရောဂါပျောက်ဖို့ကတော့ သုံးလဆေးသောက်ရုံနဲ့ ရာနှုန်းပြည့်ပျောက်ဖို့သေချာတယ်၊ စီပိုးကို မကုဘဲထားရင် အသည်းခြောက်မယ်၊ အသည်းကင်ဆာဖြစ်မယ်၊ အခုနောက်ပိုင်းဆို နှစ်လနဲ့ပျောက်တဲ့ဆေးတွေတောင် ပေါ်လာပြီ၊ ဒါတွေကို ပြည်သူလူထုကိုလည်း သိစေချင်သလို ဆရာဝန်တွေကိုလည်း သိစေချင်လို့ ဒီအစည်းအဝေးမှာ ဆွေးနွေးတာဖြစ်ပါတယ်၊ ဘီပိုးဆိုရင်လည်း ပိုးကောင်ရေကို လျှော့အောင်လုပ်ထားလို့ ရနေပြီ၊ ဒါပေမဲ့ ဘီပိုးက ဆေးရပ်လို့မရဘူး၊ သုံးနှစ်အနည်းဆုံးသောက်ရတယ်၊ သုံးနှစ်သောက်ရင် လုံးဝပျောက်တဲ့ဆေးပေါ်နေပြီ၊ ဆေးမပေါ်ခင်ကြားမှာ ဘီပိုးကို သုညဖြစ်အောင် လုပ်ထားရပါမယ်၊ ဒီပွဲကနေ လူတိုင်းလူတိုင်း ဘီပိုး၊ စီပိုး၊ အသည်းရောဂါအကြောင်းတွေ သိရှိပြီး ကြိုတင်ကာကွယ်ကုသမှုတွေ ပြုလုပ်လာရင် တိုင်းပြည်အတွက် အများကြီးအကျိုးရှိလာမှာပါ"ဟု အသည်းအထူးကု ဆရာဝန် ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ကြီးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သွားရောက်၍ ဆရာဝန်များအား ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ ပြည်သူလူထုအား ဟောပြောပို့ချခြင်း၊ ဆေးကုသခြင်းများကို ပြုလုပ်ခဲ့ပြီး ထို့မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို နှစ်နှစ်တစ်ကြိမ် ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ယခု ကျင်းပသည့်ပွဲသည် (၅)ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ အဓိကဆွေးနွေးမှာက ခေတ်မီကုထုံးတွေအကြောင်းပါမယ်၊ အစာအိမ်ကင်ဆာစောစော ဘယ်လိုများသိမလဲ၊ သည်းခြေပြွန်မှာ ဘာရောဂါတွေအဖြစ်များလဲ၊ သည်းခြေပြွန်ရောဂါတွေကို မခွဲမစိတ်ဘဲနဲ့ မှန်ပြောင်းနဲ့ ဘယ်လိုကုမလဲဆိုတာတွေ ဆွေးနွေးပါမယ်၊ ဒီလိုပွဲမျိုးတွေကို အရင်တုန်းက နိုင်ငံခြားမှာ သွားတက်ရတယ်၊ ကုန်ကျစရိတ်လည်းများတယ်၊ ဒီမှာကျင်းပတဲ့အခါကျတော့ သက်သာသွားတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေ၊ အလုပ်သင်ဆရာဝန်တွေ၊ စိတ်ပါဝင်စားတဲ့သူတွေအားလုံး လက်ရှိဖြစ်ပေါ်နေတဲ့ ကုထုံးတွေအားလုံးကို ဒီနေရာမှာ တစ်ထိုင်တည်းသိသွားမယ်၊ မေးခွင့်၊ ဆွေးနွေးခွင့်လည်း ရမယ်၊ အကျိုးကျေးဇူးတွေကတော့ အများကြီးရမှာပါ"ဟု ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ဆေးတက္ကသိုလ်-၁ အစာအိမ်၊ အူလမ်းကြောင်းဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာသိန်းမြင့်က ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဆေးပညာရှင်များ တက်ရောက်၍ ပထမနေ့တွင် အစာအိမ်အူလမ်းကြောင်းရောဂါဆိုင်ရာများ၊ ဒုတိယနေ့တွင် အသည်းရောဂါဆိုင်ရာများ၊ တတိယနေ့တွင် အသည်းအစားထိုးကုသနည်းဆိုင်ရာ အကြောင်းများအား အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုဘွဲ့တံဆိပ်အား လက်ခံရယူ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ထိုင်းဘုရင်မင်းမြတ်၏ကိုယ်စား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘွဲ့တံဆိပ် ဂုဏ်ပြုအပ်နှင်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ Gen. Prem Tinsulanonda တို့ တွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သည့် "The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant " ဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဘွဲ့တံဆိပ်အား လက်ခံရယူသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ရောက်ရှိကာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဘွဲ့တံဆိပ်ဂုဏ်ပြုအပ်နှင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Gen. Prawit Wongsuwon က ပေးပို့သည့် ဂုဏ်ပြုဘွဲ့တံဆိပ်အပ်နှင်းခြင်း သဝဏ်လွှာအား အခမ်းအနားမှူးကဖတ်ကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကို ထိုင်းဘုရင်မင်းမြတ်၏ကိုယ်စား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan က "The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant " ဘွဲ့တံဆိပ်အား ဂုဏ်ပြုအပ်နှင်းသည်။ ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

"The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant" ဘွဲ့တံဆိပ်ကို မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအနက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဦးဆုံး ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့မှုအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် ရာမ (၉)ထိုင်းဘုရင်မင်းမြတ် Bhumibol Adulyadej က ချီးမြှင့်သည့် "The Knight Grand Cross (First Class) of the Most Noble Order of the Crown of Thailand" ဘွဲ့တံဆိပ်ကို ၂၀၁၃ ခုနှစ်က ရရှိခဲ့ပြီးနောက် ပြည်ပနိုင်ငံသားများအား ချီးမြှင့်ရန်ခက်ခဲလှသော အဆင့်အတန်းပိုမိုထူးကဲမြင့်မားသည့် ယခုဘွဲ့တံဆိပ်အား ထပ်မံချီးမြှင့်ခံရခြင်းဖြစ်သည်။ နိုင်ငံတကာမှ အဆိုပါဘွဲ့တံဆိပ်ရရှိခဲ့သူ အနည်းငယ်မျှသာရှိသည့်အနက် ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်၊ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၊ ဝိတိုရိယဘုရင်မကြီး၊ အမေရိကန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝီလျံဝက်စ်မိုးလင်း စသည့်ပုဂ္ဂိုလ်များပါဝင်ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ Gen. Prem Tinsulanonda အား ၎င်း၏နေအိမ်ဧည့်ခန်းမတွင် ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ဆက်လက်ဆက်ဆံရေးပိုမိုတိုးတက်အောင် ဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ Wat Ratchabophit Sathi Mahasimaram ဘုန်းကြီးကျောင်းသို့သွားရောက်၍ သံဃနာယကဂိုဏ်းချုပ် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ရွှေတိဂုံပုံတူပန်းချီကား၊ ရွှေတိဂုံပုံတူ စေတီတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ လေအေးပေးစက်အပူလွန်ကဲရာမှ ဝါယာရှော့ဖြစ်၍ မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အောင်မေတ္တာလမ်းရှိ နေအိမ်တိုက်ခန်းတစ်ခုတွင် ယနေ့ ညနေ ၆ နာရီ ၁၀ မိနစ်က လေအေးပေးစက် အပူလွန်ကဲရာမှ ဝါယာ ရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

"မီးတောက်တွေက အပြင်ကို မထွက်ဘူး၊ မီးခိုးတွေအပြင်ကို ထွက်လာတော့မှ ပတ်ဝန်းကျင်က သိကြတာ၊ မီးလောင်တဲ့အချိန်မှာ အိမ်ရှင်တွေမရှိဘူး၊ လူမရှိဘဲ အဲကွန်းဖွင့်ခဲ့တာလို့ကြားတယ်၊ တိုက်တွေကလည်း တစ်ခန်းနဲ့တစ်ခန်း ကပ်နေတာ၊ မီးသတ်တွေအချိန်မီ ငြိမ်းသတ်နိုင်လို့တော်သေးတယ်"ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ ဒေသခံတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းရှိ တိုက်အမှတ်(၅၆) လေးလွှာ ခေါင်းရင်းခန်းနေ အိမ်ရှင်ဖြစ်သူက အပြင်သွားစဉ် နေအိမ်၌ ဖွင့်ထားခဲ့သည့် လေအေးပေးစက် အပူလွန်ကဲပြီး ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း နေအိမ်တိုက်ခန်းအတွင်းရှိ ပစ္စည်းများ မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ရှင်ဖြစ်သူကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-မြင့်ဝေ(မရမ်းကုန်း)**



**မြန်မာ့ပင်လယ်ပြင်**
**အခြေအနေ**
လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။



# Science and Technology Fair 2018
## ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

Science and Technology Fair 2018 ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) တွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက ဘွဲ့လွန်/ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ နည်းပညာ၊ ကွန်ပျူတာ၊ သိပ္ပံဘာသာရပ်နယ်ပယ်ပြိုင်ပွဲများ၊ ပြိုင်ပွဲဝင်သုတေသနများနှင့် Project များအတွက် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀/၂၀၁၈)ဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် နာယကအဖွဲ့ကို ဒုတိယသမ္မတအပါအဝင်ငါးဦးဖြင့် လည်းကောင်း၊ ဦးစီးကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်နှင့် စုစုပေါင်း ၁၈ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် လုပ်ငန်းများ စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီတစ်ခုနှင့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကျင်းပမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနား၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားတို့သည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပါကြောင်း၊ ရှေးမြန်မာမင်းများလက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကျင်းပခဲ့သည့် အမြင့်ဆုံးသာသနာတော်ဆိုင်ရာ ချီးမြှောက်မှု အခမ်းအနားကြီးဖြစ်ပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲမတိုင်မီ အကြိုရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ပါကြောင်း၊ တပေါင်းလပြည့်နေ့တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲကို ကျင်းပပြီးချိန်တွင် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း။

အခမ်းအနားသို့ ကြွရောက်မည့် ဆရာတော်ကြီးများသည် ရန်ကုန်မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်မည်ဖြစ်သည့်အတွက် လေယာဉ်နေရာရရှိရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ခေတ္တသီတင်းသုံး နေထိုင်မည့် ကျောင်းဆောင်များနှင့် ဟိုတယ်များတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းလျာများဆက်ကပ်နိုင်ရေး၊ ယခင်နှစ်များနည်းတူ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုအစီအမံများ စနစ်တကျဆောင်ရွက်သွားနိုင်ရေး၊ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ အခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ထည်ဝါတင့်တယ် ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းပြင်ဆင်ထားရှိရေးစသည်တို့ကို သက်ဆိုင်ရာ ကော်မတီများအလိုက် လစ်ဟာမှုမရှိအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲပြီးချိန်တွင် ဆွမ်းဆန်တော်လောင်းလှူပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည့်အတွက် အချိန်ကြန့်ကြာမှုမရှိအောင် စနစ်တကျ စီမံခန့်ခွဲပြီး သေချာစွာ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဘွဲ့ဆက်ကပ်မည့် အခြေအနေ၊ သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အရေအတွက်၊ အခမ်းအနားကျင်းပမည့်နေ့၌ ဆောင်ရွက်မည့် အစီအစဉ်များ၊ အခမ်းအနားကျင်းပမည့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆရာတော်ကြီးများ ပင့်ဆောင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေရာချထားမည့် အစီအစဉ်များနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဆွေးနွေးတင်ပြကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီနှင့် ဖိတ်ကြားရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များအားလည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့်တင်ပြချက်များကို လည်းကောင်း၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက ကျန်းမာရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်နိုင်သူက လုံခြုံရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

**❍ MNL-2 မှ**

အပျော်တမ်း ဘောလုံးစနစ်တွင် ကြီးစိုးခဲ့သည့် ဘဏ္ဍာ/အခွန်အသင်းကို ပြန်လည် အသက်သွင်းထားသည့် Mountain Lion အသင်းသည် ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ Mountain Lion အသင်းသည် ၃၉ မိနစ်တွင် ကျော်ဇင်ဦး သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၈၂ မိနစ်တွင် နေမျိုးထွေးက ပင်နယ်တီမှ တစ်ဆင့် တက္ကသိုလ်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ Mountain Lion အသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ကျော်ဇင်ဦးက သွင်းယူပေးခဲ့သည်။



Mountain Lion အသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်နေစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ကချင်ယူနိုက်တက်က မောရဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသောပွဲတွင် ဒဂုံအသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၃)အပြီးတွင် ဒဂုံအသင်းက သုံးပွဲကစား ငါးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Mountain Lion နှင့် Royal Thanlyin အသင်းက နှစ်ပွဲကစား လေးမှတ်၊ ကချင်ယူနိုက်တက်အသင်းက သုံးပွဲကစား လေးမှတ်၊ တက္ကသိုလ်နှင့် ငွေကြယ်ပွင့်အသင်းက သုံးပွဲကစား နှစ်မှတ်စီ၊ မောရဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။

**သတင်း- ဖိုးသော်ဇင်**
**ဓာတ်ပုံ- စိုးညွန့်**

# ၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ဆက်လက်ကျင်းပမည်


**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ကို ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးလေးသင်းအနက် ရန်ကုန်၊ ရတနာပုံနှင့် မကွေးအသင်းတို့ ပွဲချောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ အဝေးကွင်းပွဲကျပ် ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၆)အဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရခိုင်အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီတွင် ပုံစံကောင်း ရရန် ရုန်းကန်နေရသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲကျပ် ထပ်မံကစားရမည်ဖြစ်ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သလို ၁၀ မှတ်စီဖြင့် နောက်မှဖိအားပေးနေသည့် ရတနာပုံနှင့် မကွေးအသင်းတို့မှာလည်း တန်းတက်အသင်းများနှင့် ကစားရမည်ဖြစ်သောကြောင့် အနိုင်ရဖွယ်ရှိနေရာ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် အမှားလုပ်၍မရဘဲ အမှတ်ပြည့်ယူရမည်ဖြစ်သည်။ ယခုရာသီအစတွင် ထိပ်ဆုံးနေရာအတွက် ရန်ကုန်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့သာ အပြိုင်ဖြစ်ခဲ့သော်လည်း ပွဲစဉ်(၅)အပြီးတွင် မကွေးအသင်းလည်း ပါဝင်လာခဲ့သည်။ သုံးပွဲဆက်အနိုင်ရလဒ်နှင့်အတူ မကွေးအသင်းသည် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် သုံးမှတ်အကွာသို့ ရောက်ရှိလာခဲ့ပြီး ထိပ်ဆုံးနေရာအတွက် အားပြိုင်မှုတွင် ပါဝင်လာခဲ့သည်။ ယခုတစ်ပတ်တွင် တွေ့ဆုံနေသည့် ဟံသာဝတီနှင့် ဇွဲကပင်၊ Southern နှင့် ရခိုင်အသင်းတို့ပွဲများမှာလည်း အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။

ပွဲစဉ်(၅)အပြီးတွင် ရန်ကုန်အသင်းက ၁၃ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရတနာပုံနှင့် မကွေးအသင်းတို့က ၁၀ မှတ်စီ၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ဧရာဝတီနှင့် ဟံသာဝတီအသင်းတို့က ခြောက်မှတ်စီ၊ Southern နှင့် ရခိုင်အသင်းတို့က ငါးမှတ်စီ၊ GFA နှင့် စစ်ကိုင်းအသင်းတို့က လေးမှတ်စီ၊ မြဝတီအသင်းက တစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**




**❋ WLC လက်ရှိချန်ပီယံ**

ထိုင်းဖိုက်ပြိုင်ပွဲတွင် အနိုင်ရခဲ့သူဖြစ်သည်။

ပွဲစဉ်(၆) ဒုတိယ အဓိကပွဲစဉ် ဝယ်တာဝိတ်တန်း(၆၃. ၅-၆၇ကီလို)တွင် တောင်ကလေးကလပ်မှ စောဘဦးနှင့် ရွှေဘားလားကလပ်မှ သပြေညိုတို့ ကစားကြမည်ဖြစ်ပြီး ပွဲစဉ်(၃) ဖယ်သာ(၅၄-၅၇ ကီလို)တွင် အမျိုးသမီးတွဲဆိုင်း မြန်မာ့လက်ဝှေ့မယ် ရွှေစင်မင်းနှင့် ကမ္ဘောဒီးယားမှ နိုဆရီပေါ့(Nou Srey Pov)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီးတွဲဆိုင်းသည် WLC သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

လိုက်ဝယ်တာ (၆၀-၆၃. ၅ကီလို)တွင် ပွဲစဉ်(၅)အဖြစ် ဗထူးမောင်(ရတနာပုံ)နှင့် ကျော်ဇင်လတ်(T&Tသထုံ)၊ ပွဲစဉ်(၄)အဖြစ် စောဒါဝိတ်(တောင်ကလေး)နှင့် ပတ်ကျော်လင်းနိုင် (တိုက်ဂါး)တို့က မြန်မာပြည်ချန်ပီယံလုပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပွဲစဉ်(၁) လိုက်ဝယ်တာ(၆၀-၆၃. ၅ကီလို)တွင် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် လက်သီးမိုး(T&T သထုံ)၊ ပွဲစဉ်(၂) လိုက်ဝိတ်(၅၇-၆၀ ကီလို)တွင် ချစ်မောင်မောင်(တောင်ကလေး)နှင့် စည်သူ (T&Tသထုံ)တို့က ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်မည့် WLC ပြိုင်ပွဲ တွဲဆိုင်းအားလုံးတွင် ကစားသမားများအနေဖြင့် မူလထိုးကြေးများအပြင် အလဲထိုးအနိုင်ရသူကို ဆုကြေးငွေ ၁၀ သိန်း၊ တံတောင်တိုက်ကွက်ဖြင့် အလဲထိုးအနိုင်ရသူကို ဆုကြေးငွေ သိန်း ၂၀ အပိုထပ်ဆောင်း ချီးမြှင့်သွားမည်ဟု သိရသည်။

**သတင်း- ဇေယျာ၊ ဓာတ်ပုံ- WLC**

# စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဝဲခမိကျေးရွာ၌ ဆောင်ရွက်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူလရန်ပုံငွေဖြင့် ဆောင်ရွက်သော ဝဲခမိကျေးရွာ စိမ့်စမ်းရေမှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ဒုတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းပြီးစီးပါက ဝဲခမိကျေးရွာနေ ပြည်သူများအတွက် နွေရာသီတွင် ရေရှားပါးမှုမရှိတော့ဘဲ လုပ်ငန်းများလည်း အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးအတွက်လည်း များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**(၁၃-၂-၂၀၁၈ ရက်နေ့မှ အဆက်)**

**နိုင်ငံသားဖြစ်မှု**

၁၈။ လက်ရှိအစိုးရစတင်တာဝန်ယူသည်မှစ၍ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ဖြင့် စိစစ်မှုခံယူရန်လျှောက်ထားသော ရခိုင်ပြည်နယ်မှ မွတ်စလင်များအား တည်ဆဲဥပဒေများနှင့်အညီ စိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ၁-၄-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ထိ | ၁-၄-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ |
|---|---|---|---|
| ၁ | နိုင်ငံသား | ၄၀ ဦး | ၁၁၈ ဦး |
| ၂ | နိုင်ငံသား ပြုခွင့်ရသူ | ၂၄ ဦး | ၁၀၅ ဦး |
| ၃ | နိုင်ငံသားပြုခွင့်ရသူ၏ အသက်(၁၈)နှစ်အောက် သားသမီးများ စာရင်းသွင်းခြင်း | ၂၂ ဦး | ၁၂၉ ဦး |
| ၄ | နိုင်ငံသားပြုခွင့်ရသူ၏ အသက်(၁၈)နှစ် အထက် သားသမီးများ စာရင်းသွင်းခြင်း | - | ၁၅ ဦး |
| ၅ | အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် ထုတ်ပေးခြင်း | - | ၁၄၈ ဦး |
| ၆ | အသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ထုတ်ပေးခြင်း | - | ၄၈၀ ဦး |
| ၇ | NV Card ထုတ်ပေးခြင်း | ၂၄၅၇ | ၅၁၆၂ |
| ၈ | Bio Metric data ကောက်ယူခြင်း | - | ၈၅၀၁ |
| ၉ | ကမန်လူမျိုးများအား နိုင်ငံသား စိစစ်ရေးကတ် ထုတ်ပေးခြင်း | - | ၃၃၃၆ |

၁၉။ နိုင်ငံသားစိစစ်ခံမည့်သူများအနေဖြင့် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိပါက NV Card အား ဥပဒေနှင့်အညီ ဦးစွာကိုင်ဆောင်ကြရမည်ဖြစ်၍ NV Card ရယူကိုင်ဆောင်စေရေးအတွက် NV Card ကိုင်ဆောင်မည့်သူများ ရရှိနိုင်မည့်အခွင့်အရေးများနှင့် လိုက်နာရန်များ အကြောင်းကို မွတ်စလင်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ဒေသနေသူများ၊ ငါးဖမ်းစက်လှေများမှ ငါးဖမ်းသမားများအား ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များက ရခိုင်ပြည်နယ် ခရီးစဉ်တိုင်းတွင် ရှင်းလင်းအသိပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် NV Process ဆောင်ရွက်နေသည်နှင့်အတူ နိုင်ငံသားလျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများကို တစ်ပါတည်း ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။

၂၀။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များတွင် မွတ်စလင်များ ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်များသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များအနေဖြင့် နိုင်ငံသားစိစစ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရန် အစ္စလာမ်ဘာသာရေးအဖွဲ့များက နှိုးဆော်စာများ ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လွတ်လပ်စွာသွားလာခွင့်**

၂၁။ NV Card သို့မဟုတ် နိုင်ငံသားအသိမှတ်ပြုကတ် တစ်မျိုးမျိုး ကိုင်ဆောင်ထားသူများ၏ လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်းသော ကန့်သတ်ချက်များကို ဖယ်ရှားနိုင်ရန် အချိန်ကာလနှင့် အရေးပါသော မှတ်တိုင်များ(Mile-Stones)ပါဝင်သည့် လမ်းပြမြေပုံကိုရေးဆွဲ၍ ပထမအဆင့်အနေဖြင့် မောင်တောခရိုင်အတွင်း လွတ်လပ်စွာသွားလာနိုင်ရန် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ တစ်ဖက်နှင့်တစ်ဖက် သွားလာသူများကို ရန်ပြုနှောင့်ယှက်ဟန့်တားမှု တစ်စုံတစ်ရာပြုလုပ်ပါက တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကျယ်ပြန့်စွာအသိပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

**IDP ကိစ္စရပ်များ**

၂၂။ မြေပုံမြို့ တောင်ပေါ် IDP စခန်း၊ စစ်တွေ သက္ကယ်ပြင် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ စတင်စီမံဆောင်ရွက်လျက်ရှိပါသည်။

၂၃။ IDP စခန်းများရှိ တဲတန်းလျားပြုပြင်တည်ဆောက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) စစ်တွေမြို့ ဆေးသမားကြီး IDP စခန်းရှိ တဲတန်းလျား ၅၀ ပြုပြင်ခြင်း၊

( ခ ) ရမ်းဗြဲမြို့ ကယ်ဆယ်ရေးစခန်းရှိ တဲတန်းလျားများနေရာတွင် လုံးချင်းအိမ်ရာ ၁၂ လုံး တည်ဆောက်ပေးခြင်း၊

(ဂ) စစ်တွေမြို့နယ် IDP စခန်းများတွင် တဲတန်းလျားအသစ် ၁၇၆ လုံး၊ အခန်းအသစ် ၂၈၁ ခန်း၊ ရေတုံကင် ၄၈၂ ခု၊ အိမ်သာအသစ် ၅၀၈ လုံးတို့ ဆောက်လုပ်ခြင်း။

**လူသားချင်းစာနာထောက်ထားမှု**

၂၄။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့၊ အာဆီယံနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

(က) နိုင်ငံတော်အစိုးရက ငွေကျပ် ၄၇၉. ၆၀ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(ခ) ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့က ဆွစ်ဖရန့် ၁၇ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(ဂ) အာဆီယံနိုင်ငံများက USD ၇. ၃ သိန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(ဃ) UEHRD လူငယ်အဖွဲ့က ငွေကျပ် ၄၄၃. ၇၅ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(င) MA-UK Myanmar က ငွေကျပ် ၇၉. ၀၅ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

**သတင်းရယူခွင့်**

၂၅။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား လွတ်လပ်စွာ သတင်းရယူနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း မောင်တောဒေသနှင့် IDP စခန်းများသို့ ၂၀၁၆ ခုနှစ် အောက်တိုဘာဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်းမှ ယနေ့အထိ ရှစ်ကြိမ် သွားရောက်နိုင်ရန် စီစဉ်ပေးပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအခြေစိုက် သံတမန်များအဖွဲ့နှင့် တပ်မတော်အဖွဲ့အစည်းမှ နယ်မြေကွင်းဆင်းလေ့လာမှုများတွင်လည်း မီဒီယာများကို နှစ်ကြိမ် လိုက်ပါနိုင်အောင် စီစဉ်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတကာနှင့် ပြည်တွင်း သတင်းမီဒီယာများကိုလည်း တစ်လလျှင် နှစ်ကြိမ် သတင်းသွားရောက်ရယူနိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂၆။ ရခိုင်ပြည်နယ်ဆိုင်ရာသတင်းများ ပိုမိုသိရှိနိုင်ရေးအတွက် ထုတ်လွှင့်နေသည့် နိုင်ငံပိုင်မီဒီယာများအပြင် Facebook, Twitter စသော လူမှုကွန်ရက်စာမျက်နှာများမှလည်း ထုတ်လွှင့်လျက်ရှိပါသည်။မောင်တောခရိုင်အတွင်း ဖမ်းယူရရှိနိုင်သည့် မေယု FM အစီအစဉ်ဖြင့် အသိပညာ ဗဟုသုတရနိုင်မည့် ကဏ္ဍများကို ဗမာ၊ ရခိုင်၊ ဘင်္ဂါလီ ဘာသာစကားတို့ဖြင့် နေ့စဉ် ခြောက်ကြိမ် ထုတ်လွှင့်ပေးခြင်း၊ ရေဒီယိုများအခမဲ့ဝေငှခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေး**

၂၇။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့်-

(က) အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပိတ်ခဲ့ရသော စာသင်ကျောင်း ၄၂၄ကျောင်းအနက် ကျောင်းပေါင်း ၂၉၀ ပြန်လည်ဖွင့်လှစ် သင်ကြားနေပြီ ဖြစ်ပါသည်။

( ခ ) ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၂၁၈၉ ဦးအတွက် ပညာသင်စရိတ် ကျပ် ၂၈. ၅၃ သန်းနှင့် ကျပ် ၈. ၀၀ သန်းတန်ဖိုးရှိ ကျောင်းဝတ်စုံ အထည် ၄၀၀၀ တို့ကို ထောက်ပံ့ခဲ့ပါသည်။

(ဂ) ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များရှိ ဆရာ ဆရာမ ၄၅၀ အတွက် ငွေကျပ် ၂၂. ၅ သန်း ထောက်ပံ့ခဲ့ပါသည်။ ဝန်ထမ်းများ၏လုံခြုံရေးကို အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဒေသနေ အဝေးသင်တက္ကသိုလ် မွတ်စလင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)တွင် ၂၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၉- ၁၁-၂၀၁၇ ရက်နေ့အထိ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၆၁ ဦးကို အနီးကပ်သင်တန်းများ ဖွင့်လှစ်ပို့ချပြီး စာမေးပွဲဖြေဆိုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

(င) အဝေးသင်တက္ကသိုလ်(စစ်တွေဌာနခွဲ)တွင် မွတ်စလင် ကျောင်းသား ကျောင်းသူ ကိုးဦး၊ (တောင်ကုတ်ဌာနခွဲ)တွင် မွတ်စလင် ကျောင်းသား ကျောင်းသူ ၃၉ ဦးတို့ကို ကျောင်းဝင်ခွင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

( စ ) ဒေသနေ မွတ်စလင်အသိုင်းအဝိုင်းရှိ ကလေးသူငယ်များအား အခြေခံမြန်မာစာ အပြော၊ အရေး၊ အဖတ် ကျွမ်းကျင်စေရေး အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို Pilot Project အဖြစ် ရွှေဇား၊ မောင်နီရွာ၊ ပန်းတောပြင်၊ ရွှေဇား စေတီပြင်နှင့် သရက်အုပ်ကျေးရွာများတွင် သတ်မှတ်ဆောင်ရွက်ပေးခဲ့ပါသည်။

(ဆ) IDP စခန်းများမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် သက်ကယ်ပြင်ရွာမ(မူလွန်)ကျောင်း၊ သင်ဂနက် (မူလွန်)ကျောင်း၊ သာယာကုန်း(မူလွန်)ကျောင်းများ ဖွင့်လှစ်ထားရှိရာ အဆိုပါကျောင်းများမှ အလယ်တန်းအဆင့် အောင်မြင်သူများကို သက်ကယ်ပြင်ကုန်း အထက်တန်းကျောင်းတွင် ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။ ဆရာအတတ်ပညာသင်တန်း မပြီးဆုံးသေးသူများကို ဆရာဖြစ်သင်တန်းရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး**

၂၈။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ကြောင်း အသိပေးကြေညာချက်များ ပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ကုသပေးနိုင်ခဲ့ပါသည်-

| စဉ် | ဆောင်ရွက်မှု | ကုသဦးရေ | | | |
|---|---|---|---|---|---|
| | | အတွင်းလူနာ | | ပြင်ပလူနာ | |
| | | တိုင်းရင်းသား | မွတ်စလင် | တိုင်းရင်းသား | မွတ်စလင် |
| ၁ | ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကုသမှုပေးခြင်း- | | | | |
| | (က) စစ်တွေဆေးရုံကြီး | ၃၉၆၄၀ | ၈၂၈ | ၁၇၂၀၇ | ၆၉၆ |
| | (ခ) သက္ကယ်ပြင်ဆေးရုံ | ၀ | ၁၁၄၇၀ | ၀ | ၉၃၁ |
| | (ဂ) ရသေ့တောင်မြို့နယ်ဆေးရုံ | ၈၅၁ | ၀ | ၁၅၈၁ | ၀ |
| | (ဃ)ဘူးသီးတောင်မြို့နယ်ဆေးရုံ | ၁၃၃၄ | ၁၆၂၆ | ၁၀၈၁ | ၁၀၆၈ |
| | (င) မောင်တောမြို့နယ်ဆေးရုံ | ၉၄၇ | ၇၆၂ | ၂၆၀၂ | ၁၄၀၃ |
| ၂ | ရွေ့လျားဆေးအဖွဲ့ဖြင့် ဆေးဝါးကုသပေးခြင်း- | | | | |
| | (က) မောင်တောမြို့နယ် | ၂၀၇၁၂ | | | |
| | (ခ) ဘူးသီးတောင်မြို့နယ် | ၁၇၃၁၀ | | | |
| | (ဂ) စစ်တွေနှင့် အခြားမြို့နယ် | ၇၂၁၇၄ | | | |
| ၃ | အထူးကုဆရာဝန်ကြီးများ နယ်လှည့်ဆေးကုသခြင်း | ၁၂၇၆ | | | |

၂၉။ ကျန်းမာရေးဌာနတိုင်း၌ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းများသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအတွက် အကာအကွယ်ပေးထားသည့် နေရာများဖြစ်ကြောင်း ဆေးရုံ၊ ကျန်းမာရေးဌာနများ၌ ရခိုင်၊ ဘင်္ဂါလီ၊ အင်္ဂလိပ်ဘာသာဖြင့် ဆိုင်းဘုတ်များထောင်ကာ အသိပေးထားပြီးဖြစ်ပါသည်။

၃၀။ မေယု FM ရေဒီယိုအစီအစဉ်၌လည်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးသတင်းများအား ဘင်္ဂါလီဘာသာဖြင့် ပုံမှန်ထုတ်လွှင့်လျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း အောက်တိုဘာလတွင် အသိပညာပေးအကြောင်းအရာကဏ္ဍ ၅ ခု၊ နိုဝင်ဘာလတွင် အသိပညာပေးအကြောင်းအရာကဏ္ဍ ၅ ခု၊ ဒီဇင်ဘာလတွင် အသိပညာပေးအကြောင်းအရာကဏ္ဍ ၇ ခုအထိ တိုးမြှင့်ထုတ်လွှင့်ပေးလျက်ရှိပါသည်။

၃၁။ လူထုကျန်းမာရေးသင်တန်း နှစ်ကြိမ်တွင် လူထုကျန်းမာရေးလုပ်သား ၇၂ ဦး ပို့ချပေးခဲ့ပါသည်။ မွတ်စလင် ကျန်းမာရေးလုပ်သားများလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၃၂။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံ ၂၄ ရုံသို့ ဆေးနှင့် ဆေးရုံသုံးပစ္စည်း ၁၉၇ မျိုးကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကာ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲဆေးရုံအတွက်လည်း ဆေးနှင့် စက်ပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲပစ္စည်းများ ထောက်ပံ့ထားရှိပြီး ဖြစ်ပါသည်။

၃၃။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် သွေးလျူဘဏ်ငယ် အသစ်တည်ထောင်ရေးအတွက် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး Solar System သွေးသိုလှောင်ထိန်းသိမ်းသည့် ရေခဲသေတ္တာနှင့် အခြားလိုအပ်သော စက်ပစ္စည်းကိရိယာများအား ဝယ်ယူပို့ဆောင်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

၃၄။ ရခိုင်ပြည်နယ်အတွင်း လူဦးရေနှင့်အညီ သင့်လျော်သည့် ကျန်းမာရေးလုပ်သားအချို့ ရှိလာစေရေးအတွက် ဆရာဝန်စုစုပေါင်း ၃၄ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် တစ်ဦးနှင့် သူနာပြု ၆၄ ဦးတို့အား ထပ်မံခန့်အပ်ထားပေးခဲ့ပြီးဖြစ်ပါသည်။ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(စစ်တွေ)၌ သူနာပြုနှင့်သားဖွား သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃၀၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ခြောက်လသင်တန်းအား စစ်တွေမြို့၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၁ ဦးတို့ဖြင့် လေ့ကျင့်သင်တန်းပေးထားပါသည်။

၃၅။ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးကို အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲလျက်ရှိပြီး ဆေးရုံအတွင်းအပြင် အဆောက်အအုံများ တိုင်းတာခြင်း၊ Topographic Survey ပြုလုပ်ခြင်း၊ နှစ်အလိုက် အဆင့်အလိုက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ သတ်မှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃၆။ အာဟာရစားသုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား ဆန်းစစ်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ကွက် ၃၀ အနက် ကောက်ကွက်လေးခု ပြီးစီးခဲ့ကာ နှစ်ခုတွင် ကောက်ယူနေဆဲဖြစ်ပါသည်။ ကလေးငယ်များအား ပုံမှန်အာဟာရစစ်ဆေးခြင်းများအပြင် ဗိုက်တာမင်ဆေးပြားများ၊ Micronutrient Tablet များအပါအဝင် အာဟာရဆိုင်ရာဆေးနှင့် ဆေးပစ္စည်း ၃၇ မျိုးအား ထောက်ပံ့ပေးခဲ့ပါသည်။ **စာမျက်နှာ ၁၁ သို့ »»**

# တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် အင်ဂျင်နီယာချုပ် ဓာတ်အားဖြန့်ဖြူးရေးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)တို့ကို အဖွဲ့ခေါင်းဆောင်များအဖြစ် ဖွဲ့စည်းကာ ဓာတ်အားဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း ယမန်နေ့က ကျင်းပသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။



တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၂၇ ရုံ၊ ၆၆/၁၁ကေဗွီ ၁၁၆ ရုံ၊ ၃၃/၁၁ကေဗွီ ဓာတ်အားခွဲရုံ ၂၆၆ ရုံ၊ ဓာတ်အားစနစ် မရရှိသောဒေသများတွင် အသေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၀ နှင့် ဒီဇယ်ဓာတ်အားပေးစက် ၆၀၄ လုံးတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ပုံမှန်ဓာတ်အားပို့လွှတ်ထားစဉ် ဓာတ်အားခွဲရုံရှိ ပစ္စည်းကိရိယာများ ချို့ယွင်းပျက်စီးမှုကြောင့် ဓာတ်အားပြတ်တောက်ခြင်းနှင့် ဓာတ်အားလိုင်းအပြစ်ကြောင့် ဓာတ်အား ပြတ်တောက်ခဲ့ပါက ဓာတ်အားပြန်လည်ရရှိရေး ဆောင်ရွက်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း အရေးကြီးနေရာများသို့ အရန်မီးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဟု သိရသည်။

လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် သတင်းအချက်အလက်များအား ကွပ်ကဲရေးအဖွဲ့နှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားမပြည့်ဝမှုတို့အား အချိန်နှင့် တစ်ပြေးညီရရှိရေး၊ အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် နေ့စဉ် ၂၄ နာရီ တာဝန်ချထားပြီး သတင်းအချက်အလက်စုဆောင်းခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများရှိခဲ့ပါက ပြည်သူလူထုအား အချိန်နှင့် တစ်ပြေးညီ အသိပေးအကြောင်းကြားခြင်းနှင့် ဓာတ်အား ပြတ်တောက်မှုနှင့် ဓာတ်အားပြတ်တောက်ရန် အစီအမံများသိရှိပါက ချက်ချင်းသတင်းပို့ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်တွင်ရှိသော ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာစစ်ဌာနစုစုပေါင်း ၁၁၈၆ ခုရှိရာ တာဝန်ချထားသည့် စာစစ်ဌာနပေါင်း ၉၈၉ ခု၊ ဓာတ်အားစနစ် မရှိသည့် စာစစ်ဌာနပေါင်း ၁၉၇ ခုနှင့် အရန်မီးစက်ချထားမှု ၅၈၁ ခုအား စီမံထားရှိမည် ဖြစ်သည်။ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအလိုက် ဝန်ထမ်းများအား နေ့ည တာဝန်ချထားခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက သက်ဆိုင်ရာစာစစ်ဌာနများတွင် တာဝန်ကျဝန်ထမ်းများကို နေ့၊ ည ကြပ်မတ်ဆောင်ရွက်စေခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း စာစစ်ဌာနများ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန် သက်ဆိုင်ရာကော်မတီများနှင့် ကြိုတင်ညှိနှိုင်းပြီး Generator များကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်ထားရှိခြင်းနှင့် စမ်းသပ်မောင်းနှင်ခြင်းများ ပြုလုပ်ထားလျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားမပြတ်တောက်စေရေး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ကြိုတင်စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ လိုအပ်ချက်များအား ပြုပြင်ခြင်း၊ အရန်မီးစက်များထားရှိခြင်းနှင့် သတ်မှတ်နေရာများတွင် ဝန်ထမ်းများ တာဝန်ချထားပေးခြင်းများကို စီမံဆောင်ရွက်ထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလ မတိုင်မီ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများသို့လည်း Transformer ဆီယိုစိမ့်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ Winding Temperature & Oil Temperature စစ်ဆေးခြင်းနှင့် Silica Gel များအခြေအနေ စစ်ဆေးခြင်း၊ Breather များ ပုံမှန်အလုပ်လုပ်ခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊ GCB များ Gas Leakage ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ရန်နှင့် လိုအပ်ပါက Gas ဖြည့်ထားခြင်း၊ Terminal Clamp & Tension Fitting များ၊ Loose Connection ဖြစ်၊ မဖြစ် စစ်ဆေးဆောင်ရွက်ခြင်း၊ Switchgear များ ဆီယိုစိမ့်ခြင်း ရှိ၊ မရှိနှင့် လိုအပ်ပါက အချိန်မီပြုပြင်ခြင်း၊ Battery Charger များ ပုံမှန်အလုပ်လုပ်ခြင်း ရှိ၊ မရှိ၊ အဝင်၊ အထွက် Voltage အခြေအနေ အမြဲစစ်ဆေးဆောင်ရွက်ခြင်း၊ ကြိုတင်စစ်ဆေးပြုပြင်ရန်များအား ပြီးပြတ်အောင် အမြန်ဆောင်ရွက်ပြီး စာမေးပွဲကာလနှင့် ဖြေဆိုစဉ်ကာလများတွင်လည်း အမြဲမပြတ်စစ်ဆေးခြင်း စသည်တို့ကို ကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်ထားရန် ညွှန်ကြားထားပြီး ဖြစ်သည်။

ထို့ပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အပူစွမ်းအင်သုံးစက်ရုံများဌာန ဓာတ်အားပေးစက်ရုံ စီမံကိန်းများအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တယောတန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၀၁) လယ်မြေအတွင်း ရေတုံကင်တွင်းတူးဖော်ရာမှ ဓာတ်ငွေ့စိမ့်ထွက်မှုအား လေ့လာခဲ့မှုအခြေအနေ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုက်လိုင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း ၆၆ KV ဒဂုံအရှေ့စက်မှုဇုန်ဓာတ်အားခွဲရုံ အမှတ်(၁)တွင် ၆၆/၁၁-၆ ဒသမ ၆ KV, 30 MVA Transformer နှင့် Incoming Switch Bay တစ်စုံ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် အများပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ရရှိပြီး ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့် တရားမဝင်မီတာကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ကိုမင်း**

# လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မြောက်ဦး ဖေဖော်ဝါရီ ၁၆**

မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ချောင်းသစ်ကျေးရွာ ဘဝသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများပိုင် လယ်ယာမြေများကို ဒုတိယတန်းစား အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးထွန်းဇော်ဦး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်ထွန်းလှနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ



၁၆ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ပြည်နယ်ဦးစီးမှူးက အသင်းသား တောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ အသုံးချတတ်စေရန်နှင့် အသင်းသားများအနေဖြင့် လယ်ယာထွက်သီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မှာကြားသည်။

မြောက်ဦးမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ အသင်းသား ၂၃ ဦးအား လယ်ယာမြေ ၁၈၁ ဧကအတွက် ပံ့ပိုးချေးငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ပြီး မြောက်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ အဆိုပါလယ်မြေ ၁၈၁ ဧကကို ဇန်နဝါရီ ၂၆ ရက်မှ စတင်၍ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်ထိ ဆောင်ရွက်သွားမည်ဟု သိရသည်။

တောင်သူများအနေဖြင့် မိုးစပါးနှင့် အခြားဆောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာလုပ်သားရှားပါးချိန်၌ စက်ကိရိယာများ အသုံးပြုထွန်းယက်နိုင်ပြီး ရိတ်သိမ်းချိန်တွင်လည်း ခြွေလှေ့စက်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အသင်းသားတောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်အသုံးချတတ်လာစေရန်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၉-၂-၂၀၁၈)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၅-၁-၂၀၁၈)ရက်နေ့မှ (၂-၂-၂၀၁၈) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာတစ်ဦး၊ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ရှစ်ဦး ပေါင်း ၁၂ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ စိစစ်ဆဲ မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးအား ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၉၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၀၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၉၈ ဦးအား အသိအမှတ်ပြုလက်မှတ်များစိစစ်ခွင့်ပြု ပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မိုင်းယန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒစ်ဂျစ်တယ်စနစ်(DVB- T2)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်း ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့)မိုင်းယန်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ လွှင့်အား 50 W၊ လှိုင်းနှုန်းချန်နယ်(E-22)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ် ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မိုင်းယန်းမြို့ပေါ် ရပ်ကွက်များဖြစ်သည့် မွန်ကဲရပ်ကွက်၊ ဟော်ကဲရပ်ကွက်၊ ဟော်ဟိုက်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ဝိန်းလိတ်ရပ်ကွက်၊ ဟိုကပ်ရပ်ကွက်၊ ကျိန်းဟင်ရပ်ကွက်၊ မောက်မိုင်ရပ်ကွက်၊ ပါမိုင်ရပ်ကွက်၊ မိုင်းပိန်းရပ်ကွက်၊ ပါန္ဒမ်းရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများဖြစ်သည့် နောင်ခန်းနှင့် ဖာပွန်ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာမျက်နှာ ၁၀ မှ** »»

၃၇။ ကျန်းမာရေးဝန်ထမ်းများအား Immunization Training များ ပို့ချခဲ့ရာ မွတ်စလင် ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။ အပိုဆောင်းပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းစီမံချက်ဖြင့် ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များ၌လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မောင်တောမြို့နယ်၌ ပထမအကြိမ် ၇၉၁၉၆ ဦးနှင့် ဒုတိယအကြိမ် ၇၁၃၃၀ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ပထမအကြိမ် ၅၇၅၈၇ ဦးနှင့် ဒုတိယအကြိမ် ၅၇၅၈၇ ဦး ထိုးနှံပေးနိုင်ခဲ့ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း၌လည်း မောင်တောမြို့နယ်၌ ၂၈၂၆၅ ဦးနှင့် ဘူးသီးတောင် မြို့နယ်၌ ၃၄၅၀၇ ဦး ထိုးနှံပေးနိုင်ခဲ့ပါသည်။

၃၈။ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ပေါက်တောမြို့နယ်၊ မွတ်စလင် ကျေးရွာများတွင် တစ်နှစ်အောက်ကလေး ၆၁၄ ဦးနှင့် ကိုယ်ဝန်ဆောင် ၁၃၇ ဦးတို့ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၂-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ ပါ **ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ**၏ ကော်လံ ၂၊ စာပိုဒ် ၇၊ စာကြောင်းရေ ၂ တွင် ပါရှိသည့် မာန်အောင်လေဆိပ် မူလလေယာဉ်ပြေးလမ်း ပေ ၄၅၀၀၁၀၀ (အစား)ပေ ၄၅၀၀ × ၁၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ထိပ်ဝကြီးကျေးရွာတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ညောင်တုန်း ဖေဖော်ဝါရီ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စုတွင် WYစာတန်းပါ ဆေးပြားများနှင့် လက်ဝယ်ထားရှိသူအား ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီခွဲတွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး အမှတ် (၄၉) မူးယစ်တပ်ဖွဲ့စု(ပုသိမ်)မြို့မှ တပ်ဖွဲ့ဝင်များ၊ ချောင်းကြီးနယ်မြေခံစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ဂေါ်ဒူရွာအနီး ရန်ကုန်-ပုသိမ် ကားလမ်းဘေး မိုင်တိုင်အမှတ် (၃၉/၇) နှင့် (၄၀/၀) အကြား ကားလမ်းဘေးရှိ ယာဉ်အမှတ်မပါ၊ တရုတ်နိုင်ငံထုတ် (Liujia CZI-125) အမျိုးအစား နက်ပြာရောင် ဆိုင်ကယ်ပေါ်တွင် ထိုင်နေသော ဝေယံထွန်း(၂၃)နှစ် ထိပ်ဝကြီးကျေးရွာ ညောင်တုန်းမြို့နယ်နေသူအား ရှာဖွေစစ်ဆေးရာ ၎င်း၏ယာဘက်လက်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ်တစ်ထုပ်နှင့် ဆက်လက်စစ်ဆေးခဲ့ရာ ၎င်း၏နေအိမ်ခြံဝင်းအတွင်းရှိ သစ်ငုတ်တိုအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်နှင့် ၁၉၀ ပါ တစ်ထုပ် စုစုပေါင်းဆေးပြား ၇၉၀ (အလေးချိန် ၇၉ ဂရမ်) သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးချက်အရ အစ်ကိုတော်စပ်သူ ဇေဇော်လင်း(၃၀)နှစ် ရန်ကုန်မြို့နေသူ၏ ပစ္စည်းများဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**ဝဇ၆**

# အဝမ္မလက်ထပ်ထိမ်းမြားရန် ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ ------ (၁၅)နှစ်အား ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နေ ဦးလေးဖြစ်သူ ဦးတင်မြိုင်(မိခင်၏အစ်ကို)နှင့် ဇနီးဒေါ်မတုတ်၊ ဦးတင်မြိုင်၏သမီး ဝါဝါခိုင်၊ မင်းသူရ(ခ)ဖိုးဖြူ(ဝါဝါခိုင်၏ ခင်ပွန်း)တို့က မန္တလေးမြို့ရှိ သကြားစက်ရုံတွင် အလုပ်သွင်းပေးမည်ဟု စည်းရုံးပြောဆိုခေါ်ဆောင်ခဲ့ကြောင်း၊ တစ်လကျော်ခန့်တွင် မ ---- က တရုတ်ဖုန်းအမှတ် ------ ဖြင့် မိခင်ဖြစ်သူ ဒေါ် ----ထံ ဆက်သွယ်လာပြီး ဦးတင်မြိုင်ပါ လေးဦးတို့က ၎င်းအား တရုတ်နိုင်ငံရှိ တရုတ်အမျိုးသားတစ်ဦးထံ ယွမ် တစ်သိန်းဖြင့် ရောင်းစားခဲ့၍ ပေါင်းသင်းနေရကြောင်း ဆက်သွယ်ပြောကြားလာသည်ဟု မိခင်ဖြစ်သူက တိုင်ကြားလာသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ဒုရဲမှူး ဝေလွင်က ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တရားလိုပြုလုပ်၍ ငါးဆူတောင်နယ်မြေရဲစခန်းက (ပ) ၉/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဒုရဲအုပ် စိုးသူရကျော်က စစ်ဆေးလျက်ရှိကာ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
သယ်န်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြဝတီမြို့နယ် သယ်န်းညီနောင် ကျေးရွာအုပ်စု ရွာသစ် ၉၀၇ ဝင်းအနီးနေ ကျော်နိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၄ ပြား၊ ပြောင်းချောသေနတ် နှစ်လက်၊ ၉ လုံးကျည်ကိုးတောင့်၊ ပွိုင့် ၃၀ ကျည် ၁၄ တောင့်နှင့် မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် မြဝတီမြို့ အမှတ်(၂) ရပ်ကွက် စိန်သရဖူ (၂)လမ်းနေ ဧည့်သည်(ခ)ကြက်ကုလား၏နေအိမ်ကို ရှာဖွေရာ အေးနိုင်(ခ)သံပိုက်အား တွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



အလားတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက်စောစောက တပ်မတော်နှင့် ဘုရားသုံးဆူနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက် ဥဒေါင်းကန်(၄)လမ်းနေ မြစန္ဒာဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၁ ပြား၊ အိုက်စ် ၃ ဒသမ ၆၅ ဂရမ်၊ ငွေကျပ် ၇၀၀၀ နှင့် ထိုင်းဘတ် ၃၁၆၀ တို့ကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းတွင် နိုင်ဦးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ နှင့် ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ကသာမြို့နယ် လမ်းခွကျေးရွာ မီးရထားသံလမ်းကူးအနီးတွင် ကျော်လင်းထွန်း(ခ)ဖိုးတုတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်ပီ-ဖယ်ခုံကားလမ်း မိုးဦးကျေးရွာအဝင်၌ အုန်းဖေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇန်နဝါရီလအတွင်း တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ သိမ်းဆည်းရမိသည့် သစ်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် သစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုး၊ အခြားသစ်မာများနှင့် သစ်ထုတ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိမှုတွင် ကျွန်း၊ ပျဉ်းကတိုး ၆၁ ဒသမ ၉၂၇၄ တန်၊ သစ်မာနှင့် အခြားသားများ ၁၅၀ ဒသမ ၉၂၆၂ တန်နှင့် သစ်ထုတ်ရာတွင် အသုံးပြုသည့် သစ်စက်အင်ဂျင်တစ်လုံး၊ ဖြုန်းစက်အင်ဂျင် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းသုံးမျိုး၊ ဟီးနိုးယာဉ်တစ်စီး၊ Fuso ခြောက်ဘီးယာဉ်တစ်စီးတို့အား တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မြတ်ဖုန်းဦး(နေပြည်တော်)**

# လိုင်စင်မဲ့ယာဉ်လေးစီး သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
တရားမဝင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ် လေးစီး



သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ထူးခြားသိမ်းဆည်းမှုကို ဖေဖော်ဝါရီ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးနှင့် မူဆယ်တို့သို့ သွားရောက်မည့်ယာဉ်များအား စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Toyota IPSUM တစ်စီး၊ Toyota ESTMA တစ်စီး၊ Toyota Wish နှစ်စီး စုစုပေါင်း လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၁၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇၁၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၃၀၊ သွင်းကုန် ၉၂၈ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝဝ၁**

# လှည်းကူးမြို့နယ်တွင် အမျိုးသားတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံး

**တိုက်ကြီး ဖေဖော်ဝါရီ ၁၆**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် ဖောင်ကြီးကျေးရွာအုပ်စု မဟူရာသစ်တောကြိုးဝိုင်း အကွက်အမှတ် (၂၆)တွင် အသက် (၅၂) နှစ်အရွယ် အမျိုးသားတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးကြောင်း ဖောင်ကြီးနယ်မြေရဲစခန်းမှ သိရသည်။

အဆိုပါသေဆုံးသူမှာ လှည်းကူးမြို့နယ် လှေလှော်အင်းကျေးရွာအုပ်စုတွင် နေထိုင်သူ ဦးမြင့်ရွှေ အသက်(၅၂)နှစ်ဖြစ်ပြီး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးသွားသဖြင့် ဖောင်ကြီးနယ်မြေရဲစခန်းမှ စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဖားကန့်မြို့နယ်တွင် စွန့်ပစ်မြေစာပုံပြိုကျသဖြင့် ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး သေဆုံး

**ဖားကန့် ဖေဖော်ဝါရီ ၁၆**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မော်ဝမ်းကလေးကျေးရွာအနီး "ယူနတီ"ကျောက်မျက်တူးဖော်ရေးလုပ်ကွက်၌ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီက အမြင့်ပေ ၁၅၀ ခန့်ရှိ စွန့်ပစ်မြေစာပုံပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူများဖြစ်ကြသည့် ဗလခကျေးရွာနေ ဦးမြင့်ဆွေ(၄၁)နှစ်၊ ဦးအောင်သိန်း(နေရပ်လိပ်စာစိစစ်ဆဲ)တို့နှစ်ဦးသည် မြေစာပုံပြိုကျသည့်ဒဏ်ရာများဖြင့် ယင်းနေရာတွင်ပင်သေဆုံးခဲ့၍ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# အမရပူရမြို့နယ် ရှားတောလေးကျေးရွာတွင် ဆိုင်ကယ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မန္တလေး ဖေဖော်ဝါရီ ၁၆**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က WY စာတန်းပါ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်မှ ရဲအုပ် အောင်နိုင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ရှားတောလေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း 777 ဘီယာဆိုင်ရှေ့တွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကျော်ထင်မောင်းနှင်ပြီး နောက်မှ နေထက်လင်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ ငါးထုပ် စုစုပေါင်း ဆေးပြား ၉၅၀ အား သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျော်ထင်နှင့် နေထက်လင်းတို့အား မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**



# ကစားရသည့်နေရာကြောင့် မန်ယူသို့ ပြောင်းရွှေ့မိခြင်းအတွက် ပေါ့ဘာနောင်တရ

နည်းပြမော်ရင်ဟိုလက်အောက်တွင် ကစားရသည့်နေရာ အနေအထားကြောင့် မန်ယူသို့ ပြောင်းရွှေ့မိခြင်းအတွက် ပေါ့ဘာ နောင်တရနေကြောင်း ပြင်သစ်မှလာသော သတင်းရင်းမြစ်များကဖော်ပြသည်။ ပေါ့ဘာက ကွင်းလယ် သုံးဦးထားကစားသည့် ကစားကွက်တွင် ဘယ်တောင်ပံ တိုက်စစ်နေရာတွင် ကစားချင်သော်လည်း မန်ယူနည်းပြ မော်ရင်ဟိုက သူ့ကို ဗဟိုကွင်းလယ်တွင် ထားကစား စေခြင်းကြောင့် ဂျူဗင်တပ်တွင်ရရှိခဲ့သည့် သူ၏ အကောင်း ဆုံးပုံစံ ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်ဟု ပေါ့ဘာက ယူဆ သည်။

မော်ရင်ဟိုက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း စပါး၊ နယူးကာဆယ်တို့နှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် ပေါ့ဘာ ကို လူစားလဲ ကစားသမားအဖြစ်သာ အသုံးပြုခဲ့သည်ကို တွေ့ရသည်။ ဒေးလီးရက်ကော့သတင်းဌာနက မော်ရင်ဟို ကလည်း ဆန်းချက်ဇ်ကို ခေါ်ယူခဲ့ပြီးကတည်းက ပေါ့ဘာ ကို ယခင်ကလို သဘောကျခြင်းမရှိတော့ကြောင်း ဖော်ပြခဲ့ သည်။ မော်ရင်ဟိုက ပေါ့ဘာကို စတီဗင်ဂျာရတ် လီဗာပူး တွင် ကစားခဲ့သည့်ပုံစံအတိုင်း လွတ်လွတ်လပ်လပ်ကစား နိုင်သည့် Box-to –Box Midfielder အဖြစ် ကစားစေလို ခြင်းဖြစ်သော်လည်း ပေါ့ဘာက ဘယ်တောင်ပံတိုက်စစ်ပိုင်း တွင် ကစားရမည်ဆိုပါက သူ၏ အကောင်းဆုံးခြေစွမ်းကို ရရှိမည်ဟု ယုံကြည်ထားခြင်းဖြစ်သည်။

ပေါ့ဘာနှင့် မော်ရင်ဟိုတို့ကြား ကစားရသည့်နေရာ နှင့် ပတ်သက်ပြီး သဘောထားကွဲလွဲမှုရှိနေသည်ကို နယူး ကာဆယ်နှင့် ပွဲစဉ်တွင် ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပြီး ဖြစ်သည်။ မော်ရင်ဟိုက ပွဲအပြီးတွင် တိုက်စစ်ကစားသမား များကို ဝေဖန်ခဲ့သလို ပေါ့ဘာကိုလည်း ဝေဖန်ခဲ့သည်။

မော်ရင်ဟိုက “Box-to –Box ဆိုတဲ့ နေရာအတွက် ကျွန်တော်တို့ စဉ်းစားပုံ အနည်းငယ်ပြောင်းလဲနေတယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် Box-to –Box ဆိုတဲ့ သဘော တရားနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောင်းလဲစဉ်းစားရ တော့မှာပါ” ဟု ဆိုခဲ့ရာ မော်ရင်ဟိုက ပေါ့ဘာ၏ ဆန္ဒကို လိုက်လျောမည့် သဘောတရားရှိသည်ဟု ယူဆရသည်။ သို့သော် မော်ရင်ဟိုက ပေါ့ဘာကို ကွင်းလယ်ကစားသမား အဖြစ်သာ ရှုမြင်ထားပြီး ဘယ်တောင်ပံကစားသမားအဖြစ် မမြင်မိကြောင်း ဆိုခဲ့ပြန်သည်။

မန်ယူအသင်းက ပေါ့ဘာကို ၂၀၁၆ခုနှစ်နွေဈေးကွက် အတွင်း ထိုအချိန်က ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၈၉သန်း ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ပေါ့ဘာကို လာမည့်နွေဈေးကွက်အတွင်း ပေါင်သန်း ၁၂၀ဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်ဟု သတင်းများထွက် နေသည်။ မန်ယူအသင်းဘက်မှ ပေါ့ဘာကို ထုတ်ရောင်း ရန် အစီအစဉ်မရှိသလို ပေါ့ဘာကလည်း မန်ယူမှ ထွက်ခွာရန် ဆန္ဒမရှိကြောင်းသိရသည်။

# ၂၀၁၉ တွင် ရီးယဲလ်မက်ဒရစ်သို့ နေမာ ပြောင်းရွှေ့မည်



စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့နှစ်ပေါင်းများစွာ ရယူထားသည့် အကောင်းဆုံး ကစားသမားနေရာကို လွှဲပြောင်းရယူဖို့ ၂၀၁၉ ခုနှစ်မှာ ရီးယဲလ် မက်ဒရစ်အသင်းကို နေမာပြောင်းရွှေ့မည်ဖြစ်ကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ နေမာသည် ပြီးခဲ့သည့် နွေဈေးကွက်တွင်မှ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ ကြေးဖြင့် ရောက်ရှိလာသူဖြစ်သော်လည်း မကြာသေးမီကာလအတွင်း ရီးယဲလ်မှ အကြိမ်ကြိမ်ဆက်သွယ်မှုရရှိခဲ့သည်။ သို့သော် နေမာ အနေဖြင့် နောက်၁စလအထိ ရီးယဲလ်သို့ရောက်လာမည်မဟုတ် ကြောင်းကို ရီးယဲလ်နှင့် ပွဲအပြီးတွင်ပြောကြားခဲ့သည့် ပီအက်စ်ဂျီ အကြီးအကဲ အယ်လ်ခီလိုင်ဖီ၏ ပြောစကားကို ကောက်ချက်ဆွဲယူ အဖြေထုတ်နိုင်မည် ဖြစ်သည်။

ဘာနေဗျူးသို့ နေမာပြောင်းရွှေ့မည်လားဆိုသည့် မေးခွန်းအတွက် အယ်လ်ခီလိုင်ဖီက “ ခင်ဗျားတို့ကို ကျွန်တော် ရာနှုန်းပြည့် အာမခံနိုင် တာကတော့ လာမယ့်ရာသီလည်း သူ ဒီမှာဆက်ရှိနေမယ်ဆိုတာပါပဲ” ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။ နေမာသည် ၂၀၁၉ခုနှစ်တွင် အသက် ၂၇ နှစ် ရှိနေမည်ဖြစ်ပြီး ထိုအချိန်တွင် စီရိုနယ်လ်ဒိုက အသက် ၃၅ နှစ်၊ မက်ဆီက အသက် ၃၂ နှစ် အရွယ်ရောက်ရှိနေပြီဖြစ်ရာ နေမာက လာလီဂါသို့ ပြန်လည်ခြေချပြီး မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ နှစ်များစွာ ပိုင်စိုးထားသည့် ကမ္ဘာ့အကောင်းဆုံး နေရာကို ရယူရန် ပြင်ဆင်နေကြောင်း သိရသည်။

မေလှဲ့သင်း–ရေးသားသည်



# ရီးယဲလ်မက်ဒရစ်က ပေါ့ဘာအား ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၁၂၀ ကျော်ပေး၍ ခေါ်ယူရမည်ဟုဆို

ပြင်သစ်ကစားသမား ပေါ့ဘာသည် လက်ရှိတွင် မန်ယူအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ နှစ်နှစ်သာရှိသေးခြင်းကြောင့် မန်ယူအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် ရောင်းချရန်ရည်ရွယ် ထားခြင်းမရှိဘဲ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ဆန္ဒရှိပါက ပြောင်းရွှေ့ကြေးပေါင်သန်း ၁၂၀ ကျော်ပေး၍ ခေါ်ယူရလိမ့်မည် ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၆ ခုနှစ်အတွင်း က ဂျူဗင်တပ်အသင်းမှ မန်ယူအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ ကြေးပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် မန်ယူအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိသေးကြောင်းသိရသည်။

သို့ရာတွင် စပိန်လာလီဂါထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူရန်စီစဉ်လျက်ရှိပြီး အလက်ဇစ်ဆန်းချက်ဇ် မန်ယူအသင်းသို့ ရောက်ရှိလာပြီးနောက်ပိုင်း ပွဲချိန်ပြည့်ကစားခွင့်လည်းပျောက်ဆုံးခဲ့ ရသူဖြစ်သည်။

ကွင်းလယ်ကစားသမား ပေါ့ဘာသည် မန်ယူအသင်းနှင့် ပထမ ရာသီတွင် ဆုဖလားနှစ်လုံးကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့သော်လည်း ယခုဒုတိယရာသီတွင်မူ မန်ယူအသင်း၏ ရလဒ်ပိုင်းမှာ ကစားသမား ခေါ်ယူမှုနှင့်ကြည့်မည်ဆိုပါက ပေါ့ဘာသည် ထင်တိုင်းမပေါက်ခဲ့ သလို မန်ယူအသင်းသည်လည်း ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် မန်ချက်စတာမြို့ခံ ပြိုင်ဘက် မန်စီးတီးအသင်း၏ အောက်တွင် ရမှတ် ၁၆ မှတ်အကွာ ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မကြာသေးမီက ထွက်ပေါ်ခဲ့သည့်သတင်းများအရ ကွင်းလယ် ကစားသမားပေါ့ဘာမှာ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလ တွင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ ကစားမည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ သို့ရာတွင် ကွင်းလယ် ကစားသမားပေါ့ဘာကမူ မန်ယူအသင်းမှ ထွက်ခွာရန်မရှိသေး ကြောင်း ပြောကြားခဲ့သည်။

ငွေကြယ် –ရေးသားသည်

# ရိုးမားဂိုးသမား အဲလစ်ဆင်အား ခေါ်ယူရန် လီဗာပူး ကြိုးပမ်းနေ



လီဗာပူးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်း အီတလီ စီးရီးအေကလပ် ရိုးမားအသင်းမှ ဂိုးသမား အဲလစ်ဆင်အား စာချုပ်ချုပ်ဆို ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

လီဗာပူးအသင်းအနေဖြင့် ရိုးမားဂိုးသမား အဲလစ်ဆင်အား ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး ရိုးမား အသင်းကိုလည်း အဲလစ်ဆင်ကို ရောင်းချရန် ဆွဲဆောင်ထားကြောင်းသိရသည်။ သို့ရာတွင် ရိုးမားအသင်းကမူ အဲလစ်ဆင်မှာ ဥရောပ၏ အကောင်းဆုံး ဂိုးသမားအဖြစ် သတ်မှတ်ထားပြီး ပေါင် ၆၂ သန်းရရှိမှသာ ရောင်းချမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

လီဗာပူးအသင်းအနေဖြင့် ဂိုးသမားအဲလစ်ဆင်အား ခေါ်ယူရန်ပစ်မှတ်ထား လျက်ရှိသည့်အပြင် စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်း နှင့် ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ငွေကြေးပုံအောကာသုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းတို့ကလည်း အဲလစ်ဆင်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိ ကြောင်းသိရသည်။

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ယမန်နေ့မှအဆက်

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅% |
| ၁၂ | ကျောက်စိမ်း အရိုင်းထည်များ။ | | ၁၅% |
| ၁၃ | ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၀ % |
| ၁၄ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ် ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | | ၅ % |
| ၁၅ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၀ % |
| | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CCနှင့်အထက် ဗင် ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆ | ရေနံဆီ၊ဓာတ်ဆီ၊ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှ တစ်ပါးကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့်အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့။ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |
| ၃ | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅ % |
| ၄ | ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀ % |
| ၅ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ၆အရ ယင်းဥပဒေ၏နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့ အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင်သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်းဥယျာဉ် ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ်အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင်အသုံးပြုသည့် Hypochlorite များသာ) |
| ၂၉ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၀ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၁ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၂ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၃ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၄ | ငံပြာရည်အမျိုးမျိုး။ |
| ၃၅ | ပဲဆီ၊ နှမ်းဆီ။ |
| ၃၆ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၇ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၈ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၉ | ပုစွန်ဖွဲ့၊ ငါးပေါင်းမုန့်။ |
| ၄၀ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၁ | ပဲနို့။ |
| ၄၂ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၃ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၄ | ချင်း။ |
| ၄၅ | ငါးပိအမျိုးမျိုး။ |
| ၄၆ | မန်ကျည်းမှည့်။ |
| ၄၇ | နိုင်ငံတော်အလံ။ |
| ၄၈ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများ မပါဝင်) |
| ၄၉ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၅၀ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၅၁ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၂ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၃ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၄ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၅ | ရေနံချေး။ |
| ၅၆ | ဆားအမျိုးမျိုး။ |
| ၅၇ | ကြက်ပေါင်စေး။ |
| ၅၈ | ကွမ်းသီး။ |
| ၅၉ | ဓာတ်မြေသြဇာ။ |
| ၆၀ | လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး။ |
| ၆၁ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ။ |
| ၆၂ | တိရစ္ဆာန်၊ ငါး၊ ပုစွန် အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၃ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ။ |
| ၆၄ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၅ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၆ | မိမိဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင် တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့် ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာပစ္စည်း ကိရိယာတန်ဆာပလာများ။ |
| ၆၇ | မိမိဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၆၈ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ဆေးဝါးများ)။ |
| ၆၉ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၇၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာ အခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန်စက္ကူများ၊ ခဲတံ အမျိုးမျိုး။ |
| ၇၁ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၂ | ကွန်ဒုံး(Condom)။ |
| ၇၃ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၄ | နယ်ဖက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၅ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၆ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၇ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပစ္စည်းများ။ |
| ၇၈ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့်ကုန်စည်များ။ |
| ၇၉ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| ၈၀ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၈၁ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၂ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၃ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၄ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း။ |
| ၈၅ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၈၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |
| ၈၇ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၈၈ | ရွှေစင်ရွှေတုံးများ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှု လုပ်ငန်း။ |
| ၂ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ဘဏ်နှင့် ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသောငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဧည့်ခံကျွေးမွေးရေးအတွက်ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၂ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင် အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အများသုံးသန့်စင်ခန်းအသုံးပြုခ ကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်တွင်းလေကြောင်းခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၃ | ကာကွယ်ရေးဝန်ကြီးဌာန၏လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသား လွှတ်တော်ရုံး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ဝန်ဆောင်မှုရယူခြင်းမပါ)။ |
| ၂၈ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၂၉ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |

(င) ပုဒ်မခွဲ (ဃ) ပါဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) ပြည်တွင်းလေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဟားခါးမြို့ မြို့ကွက်သစ် ဧက ၁၀၀ အတွင်း မြေကွက် ၂၀၀ ချထားပေးနိုင်ရေး မဲနှိုက်

**ဟားခါး ဖေဖော်ဝါရီ ၁၆**

ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ မြို့ကွက်သစ် ဧက ၁၀၀ အတွင်း မြေကွက် ၂၀၀ ချထားပေးနိုင်ရေးအတွက် မဲနှိုက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ကြသည်။

ဟားခါးမြို့ မြို့ကွက်သစ် ဧက ၁၀၀ အတွင်း မြေကွက် ၂၀၀ ချထားပေးနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ တစ်လကြာ လျှောက်လွှာခေါ်ယူခဲ့ရာလျှောက်ထားသူ စုစုပေါင်း ၁၁၉၆ ဦး ရှိခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တရုတ်နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲများနှင့် ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ ယူနန်ဗုဒ္ဓဘာသာနှင့် ကွမ်းတုံဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့ ကျောင်းတော်ယန်ပရဟိတအသင်း၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့မှ ကြီးမှူး၍ တရုတ်နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲများနှင့် ရိုးရာယဉ်ကျေးမှု အဆိုအကများ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့က မန္တလေးချမ်းမြသာစည်မြို့နယ် ၇၃ လမ်း မင်္ဂလာမန္တလေး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.Wang Zongying တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တရုတ်ကောင်စစ်ဝန်ချုပ်က နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နှစ်သစ်ကူးအထိမ်းအမှတ် တရုတ်-မြန်မာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများ၊ ပွဲတော်အတွင်းဈေးဆိုင်ခန်းများတွင် စတုဒိသာ ကျွေးမွေးမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်ထိ) လုပ်ငန်းစီမံကိန်းများရေးဆွဲနိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေး (၂/၂၀၁၈) ကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ စီမံ/ဘဏ္ဍာ၊ လျှပ်စစ်/ စွမ်းအင်၊ စက်မှုကဏ္ဍများ တာဝန်ခံ) ဦးတင်ထွဋ်က စာရင်းအင်းအချက်အလက်များ မှန်ကန်တိကျစွာရရှိရေး၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP ကို တိုးတက်မှု ရှိလာစေရေးကို ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်းက ၂၀၁၈ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ လက်တွေ့ကျသော ထုတ်လုပ်မှုကို တိုးတက်စေမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ Regional Development Plans ရေးဆွဲနိုင်ရန် စီမံချက်များနှင့် GDP ကိန်းဂဏန်းဆိုင်ရာအချက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မိမိတို့၏ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ နေပြည်တော်ကောင်စီဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ စီမံ/ဘဏ္ဍာ၊ လျှပ်စစ်/စွမ်းအင်၊ စက်မှုကဏ္ဍများ တာဝန်ခံ) ဦးတင်ထွဋ်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးကြည်ဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လယ်သမား၊ အလုပ်သမားနှင့် စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များ၊ UMFCCI ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စီမံကိန်းမှူးများနှင့် ကဏ္ဍတာဝန်ခံများ တက်ရောက်ကြသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## ပုဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂံယဉ်ကျေးမှုခရီးစဉ်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ပုဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စံပြပုံစံဆောင်ရွက်မှုစီမံကိန်းကို ဝန်ကြီးဌာနနှင့် JICA တို့ပူးပေါင်းပြီး ၂၀၁၄ ခုနှစ် မှ ၂၀၁၇ ခုနှစ်အထိ နည်းပညာအကူအညီပေးရေး အစီအစဉ်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့အလိုက် ဦးစားပေးစီမံကိန်းများကိုသတ်မှတ်ပြီး ဆောင်ရွက်ရာတွင် ပထမဦးစားပေး စီမံကိန်း ၁၄ ခုကို ချမှတ်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အဓိကအောင်မြင်မှုများမှာ ဂျပန်ဘာသာဖြင့် လက်ကမ်းစာစောင်၊ မြေပုံထုတ်လုပ်နိုင်ခဲ့ခြင်း၊ Website ထူထောင်ခြင်း၊ ခရီးသွားသတင်းအချက်အလက်စင်တာကို တည်ဆောက်ခြင်း၊ ပုဂံဒေသ အဓိကလမ်းကြောင်းများမှာ Signage များ တပ်ဆင်နိုင်ခဲ့ခြင်း၊ ဂျပန်နိုင်ငံမှ သင်တန်းနည်းပြများဖြင့် သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ အမှိုက်ရှင်းလင်းရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ CBT ကျေးရွာများသို့ နေ့ချင်းပြန်ခရီးစဉ်များ၊ အချက်အပြုတ်ခရီးစဉ်များ စီစဉ်နိုင်ခဲ့ခြင်းတို့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် JICA Myanmar Office Senior Representative ဖြစ်သူ Mr.kotano NISHI GATA က ယခုကဲ့သို့ ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ခဲ့ရာတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ပုဂံဒေသသည် မြန်မာနိုင်ငံ၏ အထင်ရှားဆုံးယဉ်ကျေးမှု ခရီးစဉ်ဒေသတစ်ခုဖြစ်သည့်အတွက် ထိုစီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းနှင့် စီမံကိန်းနောက်ခံသမိုင်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ JICA Expert Team ၏ အဖွဲ့ခေါင်းဆောင် ဖြစ်သူ Mr. Go Kimura က ပုဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ သုံးခုမှ အဖွဲ့ဝင်များက စီမံကိန်းဆောင်ရွက်ခဲ့သည့် ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များ၊ စီမံကိန်း ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်း က ရှေ့ပြေးစီမံကိန်းဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့သည့် အခက်အခဲများ၊ စီမံကိန်းအတွေ့အကြုံများကို အသုံးချ၍ ရခိုင်ပြည်နယ်မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် အလားတူစီမံကိန်းမျိုး ဆောင်ရွက်ရန် JICA အား တိုက်တွန်းလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ JICA Expert Team မှ Mr. Takayuki MIYOSHI က ပုဂံယဉ်ကျေးမှုဒေသတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်းဆိုင်ရာ အဓိကဆောင်ရွက်ချက်များအပေါ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများမှ စီမံကိန်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် ဌာနမှတာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ Working Group သုံးခုမှ အဖွဲ့ဝင်များ၊ INGOs များမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး

**ကလေး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားခဲ့သော်ဆုံးရှုံးမှုတန်ဖိုး နည်းနိုင်သမျှနည်းပါးစေရေးကို ရည်ရွယ်၍ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မြို့ပေါ်ရှိ မြို့မဈေး၊ တာဟန်းဈေးနှင့် ပင်လုံဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမြင့်စိန်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြင့်ဆန်းနှင့် မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ကိုဌေးတို့က အမှိုက်ကအစပြုသာဒ်မီးလောင်မှုမဖြစ်ပွားရအောင် ဈေးများအတွင်း အမှိုက်များစနစ်တကျစွန့်ပစ်ရေးနှင့် သိမ်းဆည်းရေး၊ မီးဖိုမီးသုံးစွဲသော ဈေးဆိုင်များအား စနစ်တကျသုံးစွဲစေရေး၊ လျှပ်စစ်မီးနှင့် ဆိုလာမီးသုံးစွဲသော ဈေးဆိုင်ခန်းများအား နားလည်တတ်ကျွမ်းသူများနှင့်သာ မီးသွယ်တန်းအသုံးပြုကြရန်၊ ဈေးတာဝန်ခံများနှင့် ဈေးကော်မတီဝင်များအနေဖြင့် ဈေးအတွင်း မီးသတ်ဆေးဘူးထားရှိရန်၊ အရေးပေါ်အခြေအနေတွင် မီးသတ်ဆေးဘူးသုံးစွဲတတ်မှုရှိစေရန်၊ ဈေးအတွင်းသို့ မီးသတ်ယာဉ်အလွယ်အကူ ဝင်ထွက်သွားလာနိုင်ရေးတို့အတွက် ကြည့်ရှုစစ်ဆေးကာ တွေ့ရှိချက်များအပေါ် အကြံပြုဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယခုအခါ နွေဦးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ပူပြင်းခြောက်သွေ့လာသည်နှင့်အမျှ အမြို့မြို့အနယ်နယ်တိုင်းတွင် မီးလောင်မှု၊ မီးလန့်မှုတို့သည်လည်း နေရာအနှံ့ဖြစ်ပွားလျက်ရှိသဖြင့် ကလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မိမိတို့ဒေသကလေးမြို့နယ်တွင် မီးလောင်မှု၊ မီးလန့်မှုမရှိစေရေးအတွက် နေ့စဉ်နှင့်အမျှ မြို့ပေါ်ရပ်ကွက်ရှိ ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူတို့အားမီးသုံးစွဲမှုနှင့်ပတ်သက်၍ မီးအသုံးပြုပုံစနစ်တကျရှိစေရန် လိုက်လံစစ်ဆေးခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းစနစ်များအား လက်တွေ့ရှင်းလင်းသရုပ်ပြသ လေ့ကျင့်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား**



## မဲဇလီရေလွှဲဆည်မှ နွေသီးနှံများအတွက် စိုက်ပျိုးရေများ စတင်ပေးဝေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှတစ်ဆင့် တောင်မုန်း၊ မြောက်မုန်းအတွင်း စိုက်ပျိုးရေလွှတ် ဧရိယာအတွင်းရှိ ကျေးလက်နေတောင်သူများ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေများ စတင်ပေးဝေနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ယခု ၂၀၁၈ ခုနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေကို အမှီပြု၍ နွေစပါး ၂၅၁၂၉ ဧက စိုက်ပျိုးရန် တင်ပြထားကြောင်း သိရပြီး အဆိုပါ နွေစပါးသီးနှံစိုက်ပျိုးမည့် တောင်သူများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး ယင်းနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေများ စတင်ပေးဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အခြားသီးနှံစိုက်ပျိုးမည့်တောင်သူများကလည်း သီးနှံအထွက်နှုန်းကောင်းမွန်စွာ ရရှိနိုင်ရန် လယ်ယာမြေများအား ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်းသိသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## အောက်မြန်မာပြည်



# ပဲခူးမြို့တွင် တန် ၂၀ အမှိုက်ချေဖျက်စက်ရုံဆောက်မည်

**ပဲခူး ဖေဖော်ဝါရီ ၁၆**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဟင်္သာကုန်းရပ်ကွက်နှင့် ကတွင်းခြံကျေးရွာအုပ်စုအကြားရှိ ဖဲဖေါင်တော်ကွင်း သုသာန်ဟောင်းနေရာတွင် တစ်နေ့လျှင်တန် ၂၀ ချေဖျက်ပေးနိုင်သော အမှိုက်ချေဖျက်စက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီး တည်ဆောက်မည်ဖြစ်သည်။

အမှိုက်ချေဖျက်မည့် စက်ပစ္စည်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူနိုင်ရေး ထိုင်းနိုင်ငံအခြေစိုက် စိုင်ယန်ကွန်ပိုကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားရှိပြီး ပေ ၁၀၀ ပတ်လည် စက်ရုံတည်ဆောက်ခြင်း၊ အမှိုက်သန့်စင်စက်ရုံ ဂိုဒေါင်တည်ဆောက်ခြင်း၊ ရုံးခန်းတည်ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်တပ်ဆင်ခြင်း၊ 200 KVAထရန်စဖော်မာ တပ်ဆင်ခြင်းစသည့်လုပ်ငန်းများကို ပဲခူးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူကာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သိန်း ၂၂၅၀ ဖြင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ အမှိုက်ချေဖျက်စက်ရုံသည် လူ့စွမ်းအား အရင်းအမြစ်များနှင့်အတူ အမှိုက်များကို ခွဲခြားစိတ်ဖြာပြီး မြေဩဇာ ထုတ်လုပ်ရရှိနိုင်မည့် အမှိုက်များအား သဘာဝမြေဩဇာအဖြစ်ထုတ်ပြီး သံသတ္တု၊ ဖိုက်ဘာ၊ ပုလင်း၊ ဘီယာဘူးခွံစသည့် ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များအားအလုပ်သမား စရိတ်ရရှိစေရန် ဈေးကွက်သို့ ပြန်လည်ရောင်းချကာ မည်သည့်အကျိုးကိုမျှ ဖြစ်ထွန်းစေခြင်းမရှိသော အမှိုက်များအားမြေကျင်းတူး၍ မြှုပ်နှံစွန့်ပစ်သွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ပြီး လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်းရောက်ကြောင်း၊ အဆိုပါလုပ်ငန်း အောင်မြင်ပါက တိုင်းဒေသကြီးအတွင်းရှိအခြားမြို့နယ်များကိုလည်း ယင်းလုပ်ငန်း အပေါ် နမူနာယူကာဆောင်ရွက်သွားရန်ရည်ရွယ်ထားကြောင်း ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်နိုင်က ပြောကြားသည်။

အမှိုက်ချေဖျက်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပဲခူးမြို့နယ်စည်သာယာရေးကော်မတီဝင်များနှင့် အင်ဂျင်နီယာဦးဇော်နိုင်တို့က လုပ်ငန်းခွင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က ပဲခူးတွင် အမှိုက်ချေဖျက်စက်ရှိခြင်းသည် မြို့သန့်ရှင်းသာယာရေးအတွက် အဓိကကျသောကြောင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြရန်၊ အမှိုက်စွန့်ပစ်သည့် ကိစ္စရပ်သည် မြို့တိုင်း၊ နေရာတိုင်းတွင် အမြဲလိုလို ကြုံတွေ့နေရသော ပြဿနာတစ်ရပ်ဖြစ်သောကြောင့် စည်ပင်သာယာမှ တာဝန်ရှိသူများကလည်း ပြည်သူများ စည်းစနစ်ကျနစွာ အမှိုက်စွန့်ပစ်နိုင်ရေးကိစ္စရပ်ကို ပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးနှိုးဆော်မှု အစီအစဉ်များ ပြုလုပ်ရန် မှာကြားခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လေးမျက်နှာ ဖေဖော်ဝါရီ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံးမီးငြိမ်းသတ်ပြီး ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ငဝန်မြစ်ကူးတံတား ဆောက်လုပ်ရေးစီမံကိန်းရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်စခန်း တာဝန်ခံ ဦးမြင့်သူက အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြသပြီး ငဝန်မြစ်ကူးတံတား ဆောက်လုပ်ရေးစီမံကိန်းမှ အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများက လက်တွေ့ ငြိမ်းသတ်ပြသကြသည်။ ထို့နောက် စခန်းတာဝန်ခံ ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခြင်းကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဆောက်လုပ်ရေးဝန် ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ကြက်နှစ်မှ ခွေးနှစ်သို့ကူးပြောင်းသည့် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားစွာ ကျင်းပ



ဓာတ်ပုံ- ခင်မောင်ဝင်း (ကြေးမုံ)

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
ကြက်နှစ်မှ ခွေးနှစ်သို့ကူးပြောင်းသည့် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက လသာမြို့နယ် တရုတ်တန်းတွင် ကျင်းပခဲ့ရာ ပွဲတော်သို့ လာရောက်သူ ပြည်သူများစွာဖြင့် စည်ကားလျက်ရှိသည်။

ယင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံ အမတ်ကြီး Mr.Hong Liang၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တရုတ်ရိုးရာနှင့်နှစ်သစ်ကူး ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ Fujang အမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ Guandong ကုန်သည်နှင့် စက်မှု လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတရုတ်အမျိုးသား ကုသိုလ်ဖြစ်အသင်းမှ တာဝန်ရှိသူများလည်း တက်ရောက်ကာ ပါဝင်ဆင်နွှဲခဲ့သည်။

"ခွေးနှစ်ဆိုရင် တရုတ်အယူအရ ခွေးကတော့ အင်မတန်မှ သစ္စာရှိတဲ့ သတ္တဝါပေါ့။ သစ္စာရှိတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်ဆိုတဲ့ အတိတ်နိမိတ်ကို ဆောင်ပါတယ်၊ အဲ့ဒါကြောင့် ခွေးရဲ့ ရိုးသား၊ ကြိုးစားမှု နဲ့ သစ္စာရှိမှု အတိတ်နိမိတ်ကိုယူပြီး လာမယ့်ခွေးနှစ်တွင် မြန်မာပြည်မှာ စီးပွားရေးတွေ တိုးတက်ကောင်းမွန်လာမယ်၊ တစ်ဦးပေါ်တစ်ဦး ရိုးသားကြပြီး မေတ္တာတွေ၊ သစ္စာတွေရှိကြမယ်" ဟု တရုတ်ရိုးရာနှစ်သစ်ကူး ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ခံ ဦးအောင်နိုင်က ပြောပြသည်။

နှစ်သစ်ကူးပွဲတော်ကို လသာမြို့နယ် တရုတ်တန်း မဟာဗန္ဓုလ လမ်းမကြီးအတိုင်း လမ်းမတော်မှ ရွှေတိဂုံဘုရားလမ်းအထိ ကျင်းပခဲ့ရာ လမ်းမကြီးတစ်လျှောက် အနီရောင် မီးပုံးအလုံး ၆၀၀၀ ကျော်ဖြင့် အလှဆင်ထားပြီး တရုတ်ရိုးရာ နှစ်အလိုက် သတ္တဝါ ၁၂ ကောင်ပုံစံ မီးပုံးအရုပ်များကိုလည်း မနှစ်ကနှင့်မတူ တစ်မူထူးခြားစွာ ပြုလုပ်ထားသည်။ နဂါးအက၊ ခြင်္သေ့အကအလှများဖြင့်လည်း လမ်းတစ်လျှောက် ဖျော်ဖြေခဲ့ကြသည့်အပြင် ဆိုင်ခန်းပေါင်း ၈၀ ကျော်ကလည်း စတုဒိသာများဖြင့် လာရောက်သူ ပြည်သူအများကို ဧည့်ခံကျွေးမွေးခဲ့သည်။

ဖျော်ဖြေရေး အစီအစဉ်များအဖြစ် လသာလမ်းရှိ စတိတ်စင်တွင် ဟုန်တယ်တူရိယာအဖွဲ့၊ ယူနန်ပြည်နယ် ဖျော်ဖြေရေးအဖွဲ့၊ ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း အမျိုးသမီးအဖွဲ့၊ တာကျန်းလူငယ်အဖွဲ့၊ ကျိုလုံးထန် ဘာသာရေးကျောင်း၊ မင်သယ်စာသင်ကျောင်း၊ ထျန်းသင် သင်တန်းကျောင်း၊ ဟန်ပြဇာတ်ဖျော်ဖြေရေးအဖွဲ့၊ ဖူရှင်း ဘာသာရေး သင်တန်း၊ ကမာရွတ်အသင်း Fu Tong Ren၊ Jian De၊ မြန်မာ-တရုတ်အမျိုးသမီးအသင်းအဖွဲ့၊ ရွှင်သီ တရုတ်ဘာသာကျောင်း၊ ဟိုင်ယန်ကွမ်းသီ ဘုရားကျောင်းနှင့် ချင့်ဖူဘာသာရေးကျောင်းတို့မှ ဖျော်ဖြေရေးအဖွဲ့ဝင်များကလည်း နံနက် ၈ နာရီမှ ည ၇နာရီခွဲ အထိ တေးသီချင်းများ ပြဇာတ်များဖြင့် ကပြဖျော်ဖြေခဲ့သည်။

"နှစ်သစ်ကူးပွဲတော်ကို ကျင်းပတယ်ဆိုတာ မြန်မာ-တရုတ် ချစ်ကြည်ရေးကို ဦးတည်တာပါ၊ နောက်ပြီး ကျွန်တော်တို့ နိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသား ဧည့်သည်တွေအနေနဲ့ နှစ်ကူးအချိန်နဲ့ တိုက်ဆိုင်တဲ့အခါ လည်ပတ်စရာ နေရာတစ်ခုဖြစ်လာတယ်၊ မြန်မာပြည်မှာ နေထိုင်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေလည်းပဲ နှစ်သစ်ကူးပွဲတော်ကိုလာရင်း တရုတ်လူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ပိုပြီး ထိတွေ့လို့ရတယ်" ဟု ဦးအောင်နိုင်က ဆက်လက်ပြောသည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကို ၂၀၁၇ ခုနှစ်တွင် ကျရောက်ခဲ့သည့် တရုတ်ရိုးရာ ကြက်နှစ်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပထမဆုံးအကြိမ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယခုနှစ်သည် ဒုတိယအကြိမ်မြောက် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။

**ခင်ဇာလီ**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့်တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက ကြီးမှူးပြုလုပ်မည့် ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့်ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ပြန်ကြားရေးဝန်ကြီးဌာနဓမ္မာရုံ(ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်နှင့် တောင်ဘက်မုခ်ကြား တပ်မတော် ဓမ္မာရုံဘေး) ၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့တက်ရောက် လာသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းတွေ့ဆုံပွဲသို့ ပါဝင်လှူဒါန်းလိုသူများ၊ အသင်းသားသစ်အဖြစ်ပါဝင်လို သောဝန်ထမ်းဟောင်းများ၊ အသင်းနှစ်စဉ်ကြေးများပေးသွင်းရန် ကျန်ရှိနေသော အသင်းသားများနှင့် အသက် ၈၀ နှစ်အထက် အသင်းဝင်ကန်တော့ခံ အသင်းသားများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း- ဖုန်း ၀၉၄၂၀၁၀၁၃၈၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း ၀၉၄၄၀၃၇၇၆၃၆ တို့ထံ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

**ကြေးမုံ**

## လျှောင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးဟောပြော

**ရေတာရှည် ဖေဖော်ဝါရီ ၁၆**
ပဲခူးတိုင်းဒေသကြီးသည် စစ်ကိုင်းနှင့် ရန်ကုန် မြေငလျင်ကြောအတွင်း ပါဝင်လျက်ရှိပြီး ဇန်နဝါရီ ၁၂ ရက် ညပိုင်းက လှုပ်ခတ်ခဲ့သော ဖြူးငလျင်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ် ၂၀ နီးပါး ဆက်လက်လှုပ်ခတ်မှုများရှိနေပြီး သဘာဝဘေးငလျင်များနှင့် ပတ်သက်၍ အများပြည်သူများသိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် အသိပညာပေးဟောပြောပွဲကို ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ချမ်းငြိမ်းသူက ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ၊ ငလျင်လှုပ်နေစဉ်လိုက်နာရန် အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များနှင့် ငလျင်နှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများကို ရှင်းလင်းဟောပြောသည်။

တက်ရောက်လာသော မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့၊ ရပ်ကွက်နှင့် ရပ်ကျေး အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး ငလျင်ပညာပေး၊ မီးဘေး၊ လျှပ်စီးလက်ခြင်းနှင့်မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းဘေး၊ ရေဘေးများအတွက် ပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့သည်။

**ကိုလွင်(ဆွာ)**



သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစောထွန်းသည် ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီက သန်လျင်မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောရာ အုပ်ချုပ်ရေးမှူးနှင့်အတူ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ ၆၈၉

## လာမယ့်လအတွင်း ဝင်မှုထမ်းရတော့မယ့် တေးယန်

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ "BIG BANG" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယန်ဟာ ယခုနှစ်အတွင်း စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာတော့ သူဟာ လာမယ့် မတ် ၁၂ ရက်မှာ စစ်မှုထမ်းရက်တွေကို စတင်သွားမှာဖြစ်ကြောင်း အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်အသိပေးလာခဲ့တာ ဖြစ်ပါတယ်။

တေးယန်ဟာ မကြာသေးမီကမှ မင်္ဂလာပွဲကို ကျင်းပခဲ့တာဖြစ်ပြီး လက်ထပ်ပြီး တစ်လခန့်အကြာမှာတော့ စစ်မှုထမ်းဆောင်တော့မှာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှာတော့ ဝိုင်ဂျီအန်တာတိန်းမန့်က တေးယန်ဟာ လာမယ့် မတ် ၁၂ ရက်မှာ စစ်မှုထမ်းရက်စတင်မှာဖြစ်ကြောင်း ပြောကြားခဲ့တာပါ။

ဝိုင်ဂျီအန်တာတိန်းမန့်က ယခုလအစပိုင်းမှာ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ G-Dragon နဲ့ တေးယန်တို့ဟာ စစ်မှုထမ်းဆောင်ဖို့ရာ ခေါ်စာကျရောက်လာမယ့်အချိန်ကို စောင့်မျှော်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် G-Dragon ရဲ့ စစ်မှုထမ်းရက်ကို ဦးစွာထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး လာမယ့် ၂၇ ရက်မှာ စတင်သွားမှာဖြစ်ကြောင်းနဲ့ စစ်မှုထမ်းရက်တွေကို စတင်ရာမှာတော့ ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်တာတွေ မပြုလုပ်ဘဲ တိတ်တဆိတ် စစ်မှုထမ်းလိုကြောင်းပါ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယခုနှစ်အတွင်း စစ်မှုထမ်းဆောင်သွားရမှာကို သိနေတဲ့အတွက် G-Dragon နဲ့ တေးယန်တို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်းက ကျင်းပခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲတွေနဲ့ နောက်ဆုံးပြုလုပ်ခဲ့တဲ့ ပွဲတွေမှာ ပရိသတ်တွေကို နှုတ်ဆက်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ "BIG BANG"ရဲ့ ဒုတိယမြောက်နဲ့ တတိယမြောက် စစ်မှုထမ်းဆောင်ကြတဲ့ အဖွဲ့ဝင်တွေဖြစ်ကြပြီး သူတို့နှစ်ဦး အရင် T. O. P က စစ်မှုထမ်းဆောင်ခဲ့ကာ လတ်တလောမှာတော့ သူဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။



## ဇာတ်လမ်းတွဲသစ်မှာ တွေ့မြင်ရတော့မယ့် ရိန်း

သမီးလေးတစ်ယောက်ရဲ့ ဖခင်ဖြစ်လာခဲ့ပြီဖြစ်တဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရိန်းကို လတ်တလောမှာတော့ ဇာတ်လမ်းတွဲ ရုပ်ရှင်သစ်တစ်ခုမှာ ဇာတ်ဆောင်မင်းသားအဖြစ် တွေ့မြင်ရတော့မှာပါ။ ရုပ်သံဇာတ်လမ်းတွဲသစ်ကို လက်ခံရိုက်ကူးပေးဖို့အတွက် ကမ်းလှမ်းခံခဲ့ရချိန်မှာတော့ လက်ခံမယ်၊ မခံဘူး ဒွိဟတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီးနောက်မှာတော့ ရိန်းက လက်ခံရိုက်ကူးပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရိန်း ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သွားမယ့် ယင်းဇာတ်လမ်းတွဲဟာ "Sketch-Drama" လို့ အမည်ရပြီး တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တာကြောင့် ရိန်းနဲ့လည်း လိုက်ဖက်မယ့်ရုပ်ရှင်တစ်ကားဖြစ်နိုင်ပါတယ်။ အချစ်နဲ့ ကံကြမ္မာအကြားက အနာဂတ်အတွက် တိုက်ခိုက်တိုက်ပွဲဝင်ရပုံတွေကို ပုံဖော်သွားမှာဖြစ်တဲ့ ယင်းဇာတ်လမ်းတွဲကိုတော့ TBC ရုပ်သံလိုင်းက တာဝန်ယူရိုက်ကူးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ ဆွေးနွေးနေဆဲဖြစ်တာကြောင့် ထုတ်လွှင့်မယ့် အချိန်နဲ့ ဇာတ်လမ်းအကျဉ်းကိုတော့ ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။



## လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သရိုင်

လတ်တလော ဟောလိဝုဒ်မီဒီယာတွေရဲ့ စာမျက်နှာတွေပေါ်မှာ နေရာအပြည့် ယူထားတာကတော့ ဟောလိဝုဒ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သရိုဇ်တို့ လမ်းခွဲလိုက်တဲ့ သတင်းဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လက်ထပ်ခဲ့ပြီးနောက် သုံးနှစ်ခန့်အကြာမှာ လမ်းခွဲခဲ့ကြတာဖြစ်ပြီး ဒီအကြောင်းတွေကိုတော့ နာမည်ကျော်မင်းသမီး ဂျနီဖာ



အန်နစ်စတန်ဘက်က စတင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သရိုဇ်တို့ဟာ နှစ်ဦးသား တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဇနီးမောင်နှံအဖြစ်မှ လမ်းခွဲကြဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ပြီး လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ ဂျနီဖာအန်နစ်စတန်ရဲ့ အချိန်အတော်ကြာ ပြောရေးဆိုခွင့်ရှိသူအဖြစ် လုပ်ကိုင်လာခဲ့သူ စတက်ဖန်ဟုဗိန်းကတစ်ဆင့် မီဒီယာကို ထုတ်ပြန်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဂျနီဖာအန်နစ်စတန်က သူ့ရဲ့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ထုတ်ဖော်ခဲ့ရာမှာတော့ ဒီလိုဆုံးဖြတ်ချက်ကို နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း၊ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကောလာဟလတွေအဖြစ် ပေါ်ထွက်လာခဲ့တာတွေကို အဆုံးသတ်စေဖို့ တရားဝင်ထုတ်ဖော်ခဲ့တာဖြစ်ကြောင်းနဲ့ ဒီဆုံးဖြတ်ချက်ကို ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ စတင်ချခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သရိုဇ်တို့ဟာ ဇနီးမောင်နှံတွေအဖြစ် ဆက်လက်လက်တွဲခဲ့ခြင်းမရှိတော့ပေမယ့် မိတ်ဆွေတွေလိုဆက်ဆံရေးမျိုး ရှိနေမှာဖြစ်ပြီး သူတို့ကို ဆက်လက်အားပေးကြဖို့ကိုလည်း ပရိသတ်ကို တောင်းဆိုထားတာ တွေ့ရပါတယ်။

သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေကို မီဒီယာစာမျက်နှာပေါ်မှာ စတင်ပေါ်ထွက်လာစေခဲ့တာကတော့ မကြာသေးမီက ကျရောက်ခဲ့တဲ့ ဂျနီဖာအန်နစ်စတန်ရဲ့ မွေးနေ့အပြီးမှာဖြစ်ပါတယ်။ ဂျနီဖာအတွက် မွေးနေ့ဆုတောင်းကို သူ့ရဲ့မိတ်ဆွေတွေက လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ပေးပို့ခဲ့ကြရာမှာတော့ တစ်ယောက်က မွေးနေ့မှာ ဂျနီဖာနဲ့ သူ့ရဲ့မိန်းကလေးသူငယ်ချင်းတွေစုကာ မွေးနေ့အထိမ်းအမှတ်အဖြစ် မလီဘူးမှာ တွေ့ဆုံခဲ့တဲ့ ဓာတ်ပုံကို ဖော်ပြခဲ့တာပါ။ မွေးနေ့မှာ ခင်ပွန်းဖြစ်သူနဲ့ အတူရှိမနေဘဲ သူငယ်ချင်းတွေနဲ့ ရှိနေခဲ့တဲ့ ဂျနီဖာကြောင့် ဇနီးမောင်နှံနှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ စတင်လာခဲ့ပါတယ်။

ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ချိန်မှာလည်း ဂျနီဖာနဲ့ပတ်သက်ပြီး နောက်ထပ်ကောလာဟလတွေ ထပ်မံပေါ်ထွက်လာခဲ့ပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဂျနီဖာအန်နစ်စတန်နဲ့ ဘရက်ပစ်တို့ရဲ့ ဇာတ်လမ်းပါ။ တစ်ချိန်က လက်ထပ်ခဲ့ဖူးကြသူတွေဖြစ်တဲ့ သူတို့နှစ်ဦးဟာ လတ်တလောမှာတော့ နှစ်ဦးစလုံး လက်တွဲနေတဲ့ ချစ်သူမရှိတဲ့ အခြေအနေဖြစ်တာကြောင့် နှစ်ဦးသား နောက်ထပ်တစ်ကြိမ် အချစ်ခရီးစနိုင်ကြောင်း ဝေဖန်မှုတွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။

## ကိုယ်အလေးချိန် ၆၁ ပေါင်လျှော့ချနိုင်ခဲ့တဲ့ ဘလိတ်ခ်လိုက်ဗ်လီ နယူးယောက်ဖက်ရှင်သီတင်းပတ်မှာ ပါဝင်ဆင်နွဲ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဘလိတ်ခ်လိုက်ဗ်လီဟာ မကြာသေးမီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ သူ့ရဲ့အထူးအောင်မြင်မှုတစ်ခုကို ပရိသတ်တွေကို ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပါတယ်။ ဒါကတော့ သူဟာ ကိုယ်အလေးချိန် ၆၁ ပေါင်လျှော့ချနိုင်ခဲ့ပြီး လတ်တလောမှာ သွယ်လျတဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့ပြီဖြစ်ကြောင်း ဓာတ်ပုံတစ်ပုံနဲ့အတူ ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။ ဒီလို ကိုယ်အလေးချိန်လျှော့ချခဲ့ပြီးနောက်မှာတော့ ဘလိတ်ခ်လိုက်ဗ်လီဟာ လတ်တလောပြုလုပ်ခဲ့တဲ့ နယူးယောက်ဖက်ရှင်သီတင်းပတ်ရဲ့ ပွဲတစ်ပွဲကို တက်ရောက်ခဲ့တာကို တွေ့ခဲ့ရကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၃၀)အရွယ် ရှိပြီဖြစ်တဲ့ ဘလိတ်ခ်လိုက်ဗ်လီဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ပြုလုပ်ခဲ့တဲ့ "Michael Kors Fall Winter 2018" ဖက်ရှင်ပြပွဲကို တက်ရောက်အားပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းဖက်ရှင်ပြပွဲမှာတော့ သူဟာ အနီရောင်ကုတ်အင်္ကျီရှည်ကို ဝတ်ဆင်ထားကာ ချစ်သူများနေ့နဲ့ လိုက်ဖက်စွာ တောက်ပကျော့ရှင်းစွာ လှပနေတာကိုလည်း တွေ့ရပါတယ်။

ဘလိတ်ခ်လိုက်ဗ်လီဟာ ပြီးခဲ့တဲ့နှစ်အတွင်း ရင်သွေးလေးကို မွေးဖွားခဲ့တာဖြစ်ပြီး ကိုယ်ဝန်ဆောင်စဉ်မှာ ကိုယ်အလေးချိန် တက်လာခဲ့တာကြောင့် ယခုလို ပြန်လည်လျှော့ချခဲ့တာ ဖြစ်ပါတယ်။ အချိန်အတော်ကြာ ကြိုးစားခဲ့ပြီးနောက် ကိုယ်အလေးချိန် ၆၁ ပေါင် လျှော့ချနိုင်ခဲ့ကာ သွယ်လျတဲ့ ခန္ဓာကိုယ်ကို ပြန်လည်ပိုင်ဆိုင်နိုင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဘလိတ်ခ်ဟာ လတ်တလောမှာတော့ ကလေးနှစ်ဦးရဲ့ မိခင်ဘဝ ရောက်ရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒီလို အံ့အားသင့်ဖွယ် ကိုယ်အလေးချိန် ၆၁ ပေါင် လျှော့ချနိုင်ခဲ့တဲ့ ဘလိတ်ခ်လိုက်ဗ်လီအတွက် ခင်ပွန်းဖြစ်သူ မင်းသား ရိုင်ယန်ရေးနော့စ်က ချစ်သူများနေ့မှာ မွေးနေ့လက်ဆောင်ပေးခဲ့ပါတယ်။ "Deadpool"ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ဇာတ်ဆောင်မင်းသား ရိုင်ယန်က ဇနီးဖြစ်သူအတွက် ပေးတဲ့လက်ဆောင်ကတော့ အသည်းပုံကိတ်မုန့်တစ်ခုဖြစ်ပြီး စတော်ဘယ်ရီသီးတွေနဲ့ ဖန်တီးထားတဲ့ ဒီကိတ်မုန့်ကိုတော့ မင်းသားကိုယ်တိုင် ပြုလုပ်ထားတာဖြစ်ပါတယ်။ ဇနီးဖြစ်သူအတွက် လက်ဆောင်ကိုတော့ ရိုင်ယန်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာ ဖြစ်ပါတယ်။



အေးပြည့် - ရေးသားသည်

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို) များ (၅၂)




**ဆရာရှင့်၊ သမီးတို့ မိန်းကလေးတွေအတွက် ချိုင်းတွေ မည်းရင် ဖြူအောင် မြန်မာဆေးနည်းရှိရင် ပေးပါ ဆရာ။**

ရေမချိုးခင် သံပရာသီးခြမ်းနဲ့ ပွတ်ပေးပါ။ အာလူးသီးကိုထောင်း အရည်ညှစ်ယူပြီး အဲဒီအရည်ကို ချိုင်းမှာလိမ်းရင် ချိုင်းဖွေးတယ်လို့ လက်တွေ့ပြုလုပ်ဖူးသူက ပြောပါတယ်။ ဒုတ္တာခဲကို ရေချိုးပြီးတိုင်း ချိုင်းမှာပွတ်ပေးရင် ချိုင်းချွေးနံ့ ပျောက်စေပါတယ်။

**ဆရာရှင့်၊ မြီးညှောင့်ရိုးနာနေတာ ဆေးနည်းလေးပေးပါဆရာ။ ဘာနဲ့မှထိခိုက်တာလည်းမရှိပါဘူး။ ဝမ်းချုပ်တာနဲ့လည်းဆိုင်လားဆရာ။ ကျေးဇူးပြုပြီးဖြေကြားပေးပါဆရာ။**

ဂျုံမှုန့်နဲ့ သံပရာရည် ရောနယ်ပြီး မြီးညှောင့်ရိုးမှာကပ်ပါ။ ၂ နာရီကြာ မြဲအောင်ဖိထိုင်ပါ။ သုံးရက်ခန့် ပြုလုပ်မှ ပျောက်ပါမယ်။

(၄ ရက်ကြာပြီးနောက် အကြောင်းပြန်)

ဆရာပေးတဲ့နည်းအတိုင်းလုပ်တာ သက်သာပျောက်ကင်းသွားပါပြီ။ ဆရာကျန်းမာပျော်ရွှင်ပါစေရှင့်။

**ဆရာ၊ ကျွန်တော်ငယ်ငယ်က ခါးမှာ ဒဏ်ရာရဖူးပါတယ်။ ခါးဆစ်ရိုးကို တူကျွတ်ပြီး မှန်ဖူးပါတယ်။ အခုမှ ခါးကပူပြီး နာတယ်ဆရာ။ ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ဒဏ်ကျေအောင် နှမ်းဆီ၊ မုန်ညင်းဆီ လိမ်းပြီး ကြပ်ထုပ်ထိုးပေးပါ။ မိဿလင်ဥ နေလှန်း၊ အခြောက်ခံ၊ အမှုန့်ကြိတ်ပြီး ပိတ်စကို တစ်ပေပတ်လည်ဖြတ်ပြီး ထုပ်ပါ။ နှစ်ထပ်ထုပ်ပါ။ လက်သီးဆုပ်အရွယ် ထုပ်ရင် ခါးအတွက် ထိုးလို့ကောင်းပါတယ်။ ရေနွေးဆူအောင်တည် ဆန်ခါတင် အငွေ့ခံပြီး ခံနိုင်တဲ့အပူနဲ့ ထိုးပေးပါ။ ဒဏ်မှန်သမျှ ထိုးပေးနိုင်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့် ရင်ဘတ်ထဲက အောင့်အောင့်နေလို့ ဆရာဝန်ပြပြီး စမ်းသပ်တာ အသည်းကြီး အဆီဖုံးတယ်၊ ဘီပိုးရှိတယ်လို့ ပြောပါတယ်။ ဆေးတွေသောက်တာလည်း သက်သာမှုမရှိသလို ခံစားရပါတယ်။ တိုင်းရင်းဆေးနည်းလေးတွေ လမ်းညွှန်ပေးပါ ဆရာ။**

အသည်းအဆီဖုံးတာအတွက်တော့ တိုင်းရင်းဆေးသုတေသနက ဝါးရွက်ပြုတ်ရည်ကို ညွှန်ပါတယ်။ ဘယ်ဝါးရွက်ဖြစ်ဖြစ် အနည်းငယ်ခန်းအောင်ပြုတ်ပြီး တစ်နေ့မတ်ခွက်တစ်လုံး သောက်ပါ။ ကြခတ်ဝါးရွက်ရရင် ပိုကောင်းတယ်လို့ ဆိုပါတယ်။ ဘီပိုးအတွက်ကတော့ ဆေးမြီးတိုနဲ့ မကုသင့်ပါ။ အသည်းအထူးကုဆရာဝန်ပြပြီး ညွှန်ကြားချက်အတိုင်း လိုက်နာပါ။

**ဆရာ မင်္ဂလာပါ။ သမီးတို့အိမ်မှာ နှမ်းနက်ရှိပါတယ်။ နှမ်းနက်နဲ့ ပတ်သက်လို့ အသုံးဝင်ပုံလေး ပြောပြလို့ရရင် ဝေမျှပေးပါ။ စက်ကကြိတ်လို့ရတဲ့ နှမ်းဖတ်ကရော ဘယ်လို အသုံးဝင်ပါသလဲရှင့်။**

နှမ်းနက်ဆီက အစာကြေပါတယ်။ အသည်းအဆီဖုံးတာ မဖြစ်ပါ။ နှလုံးသွေးကြော မပိတ်ပါ။ နှမ်းဖတ်နဲ့ ထန်းလျက်ခဲ စားပေးရင် အစာအိမ်လေပူနာ ပျောက်ပါတယ်။ နှမ်းဖတ်ကို အုန်းဆီနဲ့ စိမ်ထားပြီး လိမ်းရင် ဆံပင်နက်စေပါတယ်။

**ဆရာရှင့်၊ ကျွန်မခေါင်းမှာ ဗောက်တွေအရမ်းများပါတယ်။ ထူထူခဲခဲတွေလို ဖြစ်နေပါတယ်။ သီလရှင်ဝတ်ဖို့ ခေါင်းတုံးတော့လည်း ဗောက်တွေနဲ့ အခက်တွေ့ရပါတယ်။ ဆောင်းတွင်းမှမဟုတ်ပါဘူး ရှိနေတာပါပဲ။ အစားအသောက် အနေအထိုင်ကြောင့်လား ဘာကြောင့်လဲ ဆေးနည်းလေးရှိရင် ညွှန်ပြပေးပါရှင့်။ ဆရာကို အမြဲရှိသေကျေးဇူးတင်လျက်ပါရှင့်။**

သံပရိုသီးခြမ်းနဲ့ပွတ်ပြီး ခဏကြာခေါင်းလျှော်ပါ။ ရဲယိုသီးမှည့်ကို ချေပြီးခေါင်းမှာပွတ်လိမ်းထား ခဏကြာမှ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ရင်လည်း ဗောက်ပျောက်ပါတယ်။

**ဆရာရှင့်၊ ခါတိုင်း ဆီးအောင့်တာ ကြက်သွန်နီနဲ့ သံပရာရည်သောက်တာ တစ်ခွက်တည်း တန်းပျောက်ပါတယ်ရှင့်။ ခုက ဆီးသွားရင်ဆီးမအောင့်ဘဲ ဆီးကျန်ပြီး ခဏခဏ ဆီးသွားချင်တာပါရှင့်။ တအားနေရခက်ပါတယ်။ ကြက်သွန်နီနဲ့သံပရာသီး သောက်တာလည်း မပျောက်ပါဘူးရှင့်။ သုံးလတစ်ခါလောက် ဆီးအောင့်လိုက် ဆီးကျန်လိုက် ဖြစ်နေပါတယ်ရှင့်။ ဘာဆေးများ သောက်ရမလဲရှင့်။**

ဆန်ဆေးရည်တစ်ဖန်ခွက်မှာ သကြားဟင်းစားဇွန်း တစ်ဇွန်း+ဆားလှော်အနည်းငယ် ထည့်သောက်ပါ။ ခြေဖဝါးဆားပွတ်။ ဒူးအထက်မှအောက် ရေလောင်း ခြေဆေး။ ညအိပ်ရာမဝင်မီ နေ့စဉ်ပြုလုပ်ကြည့်ပါ။ အပူများအောက်သို့ဆင်းပြီး ဆီးကောင်း မျက်စိကြည်လာပါလိမ့်မယ်။

**ဆရာရှင့်၊ သမီးရဲ့ လက်မောင်းနဲ့ နောက်ကျောတွေမှာ ကြာဆူးပေါက်ရင်းကနေ အမည်းစက်လေးတွေ ကျန်နေခဲ့ပါတယ်ရှင့်။ ဆေးကုတာလည်း စုံနေပါပြီရှင့်။ မပျောက်ပါဘူးရှင့်။ ဆေးနည်းလေး ပြောပြပေးပါရှင့်။**



တမာရွက်ပြုတ်ရေနဲ့ ချိုးပါ။ ကွမ်းသီးခြမ်းနဲ့ သနပ်ခါး ရောစပ်လိမ်းပါ။ (တစ်နည်း) စန္ဒကူးနီအခေါက် (ပရဆေးဆိုင်ဝယ်) သွေးလိမ်းရင် ပျောက်နိုင်ပါတယ်။

**ဆရာ မင်္ဂလာပါရှင့်။ ကျွန်မအမျိုးသားက ဆိုက်ကားနင်းပါတယ်။ အခု ညာဘက်ခြေဖဝါးက တအားနာနေပါတယ်။ ဘာလုပ်ရမလဲ ဆရာ။ တခြားဘာကြောင့်များ ဖြစ်နိုင်ပါသလဲရှင့်။**

ခြေဖဝါးအလယ်က အကြောရောင်တာ ဖြစ်နိုင်သလို အသားကြေတာလည်း ဖြစ်နိုင်ပါတယ်။ ရဲယိုရွက် မီးကင်ဆီသုတ် ခြေဖဝါးမှာကပ်ပြီး ပတ်တီးစည်းထားပါ။ ညအိပ်ရာဝင်ချိန်မှာ မိဿလင်ဥကို ထောင်းပြီး ခြေဖဝါးအလယ်မှာ စည်းအိပ်ပါ။ မနက်ထမှ ဖြည်ပါ။ နှစ်ရက်လောက် စည်းပေးပါ။

**ဆရာရှင့်၊ သမီးခေါင်းမှာ အပူဖုလိုမျိုး ပေါက်ရင်းကနေ အခုဆို ဆံပင်တွေလည်း အကွက်လိုက်ကျွတ်ပြီး ပြည်တွေပါ တည်လာတယ်။ ယားလည်းယားပါတယ်။ ကူညီပေးပါဦးဆရာ။**

ရှားစောင်းလက်ပပ် အနှစ်ကို ပျားရည်နဲ့ရောနယ်ပြီး ခေါင်းမှာ စိမ့်ဝင်အောင်လိမ်းပြီး ခဏကြာမှ ခေါင်းလျှော်ပစ်ပါ။ ပျားရည်နဲ့ သံပရာရည် ရောစပ်လိမ်းရင်လည်း ယားနာသက်သာပါတယ်။ ကြိတ်မှန်ရွက်အရည်ဆွတ်ပေးရင်လည်း ဆံပင်ကျွတ် သက်သာစေပါတယ်။

**ဆရာ ရိုသေလေးစားစွာနဲ့ တစ်ခုလောက် မေးပါရစေ။ ကျွန်တော့်အသက် ၃၂ နှစ်ရှိပါပြီ။ မကြာခဏ ဆိုသလို အပူများပြီး ပါးစောင်မှာ အပူကျိတ်ထွက်ပါတယ်။ ချွေးထွက်လည်း လွန်ပါတယ်။ အစပ်နည်းနည်း စားရင် ချွေးအလွန်ထွက်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန် ဆေးနည်းလေး ညွှန်ကြားပေးပါ ဆရာ။**

ဖီးကြမ်းငှက်ပျောသီး နေ့စဉ်စားပါ။ ငှက်ပျောသီး အခွံမှာ ကပ်နေတဲ့ အမြှေးကိုခြစ်ယူပြီး ပျားရည်နဲ့ ရောစပ်စားရင် ပါးစပ်နာ သက်သာစေပါတယ်။ မြင်းခွာရွက်ကို ဖျော်ရည်လုပ်သောက်ရင် ချွေးထွက်လွန်တာ သက်သာစေပါတယ်။ ညအိပ်ခါနီးမှာ မန်ကျည်းမှည့်ဖျော်ရည် ပုံမှန်သောက်ပေးပါက ဝမ်းတွင်းအပူငြိမ်း စေပါတယ်။

**ဆရာရှင့် သမီးအသက်က ၂၈ နှစ်ပါ။ ခြေထောက်နှစ်ဖက်လုံးမှာ ခြေညှိုးက စနာရင်း ခြေဖဝါးရောင်ပြီး လမ်းတောင်မလျှောက်နိုင် ဖြစ်နေပါတယ်။ နှစ်ပတ်လောက်ရှိပါပြီ။ အဓိက နာတာက ခြေညှိုးပါ။ တခြားခြေချောင်းတွေက မနာပါဘူး။ ဆေးနည်းလေး ညွှန်ပြပေးပါ။**

ခြေထောက်နှစ်ဖက် ခြေချင်းဝတ် မြုပ်အောင် ဆားရေနွေးနွေး စိမ်ပေးပါ။ သစ်ကြံပိုးမှုန့် တစ်ဆ၊ လင်းနေမှုန့် တစ်ဆ၊ ချင်းခြောက်မှုန့် နှစ်ဆရောပြီး ရေနွေးနဲ့ဖျော်ဆေးစည်းပေးပါ။

**ဆရာ ကျွန်တော့်ဇနီးက ကိုယ်ဝန်တစ်လကျော် ရှိပါပြီ။ မစားသင့်တာလေးတွေ သိပါရစေ။**

ကိုယ်ဝန်နုတုန်း အန်တတ်ပါတယ်။ လေပွစေတဲ့ အစာ၊ အပူအစပ်လွန်ကဲတဲ့ အစာတွေရှောင်ကြဉ် စားရပါမယ်။ မျှစ်၊ မျှစ်ချဉ်၊ တညင်းသီး၊ ဒူးရင်းသီး၊ ဥသျှစ်သီး၊ ဒူးရင်းယို၊ ဂုံညင်းယို စတာတွေ ရှောင်ကြဉ်ပါ။

**ဆရာခင်ဗျာ ကျွန်တော့် စအိုပူပြီး အောင့်နေတာ ဘာဖြစ်နိုင်ပါသလဲ။ ဘယ်လို နေထိုင်ရမလဲ ညွှန်ကြားပေးပါ။**



အတွင်းလိပ်ခေါင်း ဖြစ်ချင်တဲ့ လက္ခဏာပါ။ ဝမ်းမချုပ်အောင် ဂရုစိုက်ပါ။ ရေများများသောက်ပါ။ သင်္ဘောသီး၊ ငှက်ပျောသီးမှည့်တွေ နေ့စဉ်စားပေးပါ။ ပူစပ်ချဉ် အစာတွေ ရှောင်ကြဉ်စားပါ။ မြင်းခွာရွက် ဖျော်ရည်ကို အိပ်ရာဝင်ချိန် သောက်ပေးရင် စအိုပူတာ သက်သာတယ်လို့ ဆိုပါတယ်။ ရှားစောင်းလက်ပပ် အနှစ်ကို စအိုဝမှာ ကပ်ပေးရင်လည်း ပူတာသက်သာစေနိုင်ပါတယ်။

**ဆရာ ကျွန်မအသက်က ၃၃ နှစ် ရှိပါပြီ။ သားမွေးပြီးကတည်းက ပဋိသန္ဓေတားဆေးစားတာ ၁၃ နှစ်ရှိပါပြီ။ နောက် ကလေးလိုချင်လို့ ဆေးဖြတ်တာ တစ်နှစ်ရှိပါပြီ။ ကလေးမရပါ။ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

အုန်းစိမ်းရည် သောက်ပါ။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပါ။ လမ်းလျှောက်ပေးပါ။ အဆီများတဲ့ အသားရှောင်စားပါ။ အသီးအနှံ များများစားပြီး အိပ်ရေးမပျက်အောင် ဂရုစိုက်ရင် ကလေးရဖို့ ပိုနီးစပ်ပါတယ်။ တားဆေးကြာကြာစားရင် အာနိသင်က သုံးနှစ်ထိ ကြာတတ်ပါတယ်။ ကုန်းကန်စွန်းရိုးနီကို စားပေးပါ။ ဆေးအဆိပ်ပြယ်ပါတယ်။ အသက် ၃၃ နှစ်ကျော်ပြီဆိုတော့ နည်းနည်းတော့ ကျန်းမာရေး ဂရုစိုက်ရပါလိမ့်မယ်။

**ကျွန်မ မျက်စိခွဲရမှာမို့ပါရှင့်။ ခွဲပြီးရင် တည့်တဲ့ ဘယ်လို အသား၊ ငါး၊ ဟင်းသီးဟင်းရွက် စားရမလဲဆိုတာ သိချင်လို့ပါ။ ကျွန်မက စက်ချုပ်တော့ အနာမြန်မြန် ကျက်ချင်လို့ပါ။**

ပုစွန်နဲ့ ပင်လယ်စာတွေ၊ သွေးတိုးစေမယ့် ပုပ်ငန်တဲ့ ငါးပိ၊ ငါးခြောက်တွေ မစားပါနဲ့။ ခွဲခါနီးမှာ ဆီးချို သွေးချိုတက်လို့ မခွဲရတဲ့ သူတွေလည်း ရှိတတ်တာမို့ အချို အဆိမ့်တွေ လွန်လွန်ကဲကဲ မစားမိဖို့လည်း သတိပြုပါ။ ကျန်တဲ့ အသီးအရွက်နဲ့ ငါး၊ ကြက်ဥစတာတွေ အကုန်စားလို့ ရပါတယ်။ ခွဲပြီးရင် ရှောင်ရမှာတွေကတော့ ဆရာဝန်ပြောမှာပါ။

**ဆရာရှင့် လိပ်ခေါင်း ကုထားတာ အနာမကျက်ဘူး ဖြစ်နေပါတယ်။ အနာကျက်အောင် ဘာများသုံး ရမလဲရှင့်။**

ကုက္ကိုရွက်ကို သန့်စင်အောင်ဆေး၊ ထောင်းပြီး အရည်ညှစ် ပျားရည်နဲ့ ဆတူရောလိမ်းပေးပါ။ အနာကျက်မြန်ပါတယ်။

**ဆရာရှင့်၊ ကျွန်မမှာ ဆီးချို၊ သွေးချိုဖြစ်နေပါတယ်။ စမ်းသပ်ကြည့်တော့ ၃၀၀ ကျော်တယ် ပြောပါတယ်။ အမေ့မှာလည်း ဆီးချို၊ သွေးချိုရှိပါတယ်။ ကျေးဇူးပြုပြီး တိုင်းရင်းဆေးလေး ပြောပြပေးပါ။**

ဆီးချိုရှိကြောင်း စမ်းသပ်သိရတယ်ဆိုရင် အထူးကုသမားတော်နဲ့ ကုသင့်ပါတယ်။ အကယ်၍ ဆရာဝန်နဲ့ မပြနိုင်ဘူးဆိုရင်တော့ မြန်မာဆေးကို အသုံးပြုပါ။ ဆေးခါးကြီးပင်ခေါ် ပန်းခါးမှုန့် နှစ်ဆ၊ သစ်ကြံပိုးမှုန့် တစ်ဆ ရောစပ်ပြီး ကော်ဖီဇွန်းတစ်ဇွန်းကနေ နှစ်ဇွန်း ရေနွေးနဲ့ဖျော် ထမင်းစားပြီးတိုင်း မနက်၊ ည သောက်ပေးပါ။ (နေ့စဉ် ဆီးချိုတိုင်းကိရိယာနဲ့ စမ်းသပ်ပါ)

**ဆရာ ကျွန်တော့် အမျိုးသမီး ကိုယ်ဝန်ငါးလရှိပါပြီ။ လေထိုးလေအောင့် ဖြစ်နေပါတယ်။ အဲဒါ ဆေးနည်းလေး လမ်းညွှန်ပြပေးပါ ဆရာ။**

ဆားခါးကို လှော်ပါ။ ဟင်းစားဇွန်း တစ်ဇွန်းစာကို ရှောက်ရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်း စပ်သောက်ပါ။

**ဆရာရှင့်၊ သမီးအဘိုးက အသက် (၇၀) ရှိပါပြီရှင့်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆိုင်ကယ်မှောက်ဖူး ပါတယ်ရှင့်။ အခု ညာဘက် တင်ပါးဆုံရိုးက တအားနာနေပါတယ်။ လမ်းလည်း ကြာကြာမလျှောက်နိုင်ဘဲ ခြေထောက်တွေ ကျဉ်လာပါတယ်။ ခြေဖဝါးက အမြဲလိုလို ရောင်နေပါတယ်။ အနှိပ်သည်လည်း နှိပ်ဖူးပါတယ်။ အရိုး အကြောဌာနက ခွဲစိတ်ခိုင်းပါတယ်။ အဘိုးက မခွဲစိတ်ချင်ဘူးလို့ ပြောပါတယ်။ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ချင်းခြောက်မှုန့် နှစ်ဆ၊ လင်းနေမှုန့် တစ်ဆနဲ့ သစ်ကြံပိုးခေါက်မှုန့် တစ်ဆ (ပရဆေးဆိုင်မှာဝယ် ရောကြိတ်) ရောစပ်ထားတဲ့ ဆေးမှုန့်ကို ရေနွေးနဲ့ဖျော်ပြီး နာနေတဲ့ တင်ပါးဆုံမှာ အုံပေးပါ။ အရိုးအက်ရင် ပြန်ဆက်နိုင်ပါတယ်။ ငြိမ်ငြိမ်အနားယူဖို့တော့ လိုပါတယ်။

**ဆရာ မင်္ဂလာပါ။ ကျွန်တော့် ခြေထောက် အရိုးကျိုးသွားလို့ ကျောက်ပတ်တီး စည်းတာ ၂၃ ရက်နဲ့ ကိုယ့်ဘာသာကို ခွာထုတ်ပစ်မိတယ်။ အရိုးအက်တာ ပြန်ဆက်ပါ့မလား ဆရာ။ ခြေမျက်စိဘေးနားက ရောင်ပြီး အကြောတင်သလို နာနေတယ် ဆရာ။**

၄၅ ရက် စည်းရင် အရိုးအက်တာက ပြန်ဆက်ပါတယ်။ အနည်းဆုံး တစ်လတော့ စည်းသင့်ပါတယ်။ ဒါပေမယ့် ရက် ၁၀၀ ထိ ကြမ်းကြမ်းလုပ်လို့ မရပါ။ ခြေထောက်ရောင်ရင် ဆားရေနွေးစိမ်ပေးပါ။ ရဲယိုရွက်ကို မီးကင်ပြီး နှမ်းဆီ ဒါမှမဟုတ် မုန်ညင်းဆီသုတ် ရောင်တဲ့ နေရာမှာကပ်ပြီး စည်းထားပေးပါ။

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရိတ် ၂ သိန်း + ဒေါ်လာ ၅၅၀ (လေယာဉ် + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရိတ် ၂ သိန်း + ဒေါ်လာ ၆၅၀ (လေယာဉ် + နီပေါ)
၁၅ ရက် ခရီး - ဟိုတယ်(၅)ည → စရိတ် ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရိတ် ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်ကတ္တား

2 (Star) Hotel ... 3 (Star) Hotel

ဗုဒ္ဓဂယာ(၈)ရက်ခရီး(လေယာဉ် + နီပေါ) - 3 (Star) ဟိုတယ် (၇)ည ဒေါ်လာ - ၁၁၀၀

# OD TOUR

Since 1997

ORIENTAL DRAGON TRAVELS & TOURS Co.,Ltd

(VIP) 2 +1 & 2+2 Scania +Excellence Service

| | | | |
|---|---|---|---|
| | (6D 5N)Feb 24,Mar 1,10,23 | | (4D 3N) Feb 28,Mar 1, 24 |
| | (5D 4N)Feb 28,Mar 1,23 | | (4D 3N)Feb28,Mar1,24 |
| | (5D 4N)Feb 28,Mar 1,23 | | (5D 4N) Feb 28,Mar 23 |
| | (5D 4N)Feb 28,Mar 1,23 | | (5D 4N) Feb 28,Mar 1,24 |
| | (3D 2N)/(4D 3N)Feb 28,Mar 1,23 | | (3D 2N) Mar 1, 24 |

Daily

01-504808, 523187,09-427669655,5108087,5187045

www.facebook/ODTour www.odtourmyanmar.com

MYINT & ASSOCIATES

Myint & Associates Offshore Supply Base Ltd. (M&AOSB) ...

M&AOSB ... (ECC) ... (EIA) ... Environmental Resources Management (ERM) ...

M&AOSB ... www.myintassociatesosb.com ...

esafeedback@myintassociatesosb.com ... Myint & Associates Offshore Supply Base Ltd. ... www.myintassociatesosb.com

Unitex - 230
Orient - 280
Premier - 350
Nippon - 400

09 441887566
09 459946658

# ပေါ်ပြူလာဝေါ

Travel & Services

ဗုဒ္ဓဂယာခရီးစဉ်

မတ် - ၁၃

ဧပြီ - ၁၀

Ph: 01 2301666, 09-5129134, 09-795420379

# K&H TRAVELS March & April Package

4Day/3Night Mar 23 Mar 28

5Day/4Night Mar 3 Mar 23

6Day/5Night Mar 3 Mar 28

4Day/3Night Apr 23 & May

ဗုဒ္ဓဂယာခရီးစဉ်
8Day/7Night Apr 7 Apr 10

7Day/6Night Apr 8 Apr 13

5Day/4Night Apr 12 & May

6Day/5Night Apr 15 & May

All Include

Hot Line : 01 510 338, 09 777 620 470

# မင်္ဂလာပါ

Box

09-450042704
09-250095116
09-420096296

# မြန်မာမြတ်ချယ်ရီ Travel & Tours

Apr 12 1590
Apr 12 1090
Apr 13 890
Apr 13 795
Apr 13 490
Apr 13 495
Apr 13-18 1590
Mar 22 - 25 425

Fb: Myanmar Myat Cherry Travel & Tours

# Happiness Trip Travel & Tours

(8N/9D) Feb-23, Mar-23
(4N/5D) Feb-28, Mar-16,23,30
(3N/4D) Mar-16,23,30
(4N/5D) Mar-16,23,30

B.A (English),Dip; in E.L.T.M

# ဦးကျော်မျိုးအောင်

B.E (Civil)

Card

09 515 3319, 0977 515 3319 , 09 451 555 009

# WIN Japanese Language School

| | | |
|---|---|---|
| Basic | 20-2-2018 | Tue~Thu |
| Basic,Intermediate | 13,20-3-2018 | Tue~Thu |
| Basic,N4Gram:+Read: | 25-4-2018 | Wed~Fri |
| Inter-Conversation | 25-4-2018 | Wed~Fri |
| Basic Conver,N2Kanji | 28-4-2018 | Sat,Sun |
| N2Grammar(Conver:) | 2-5-2018 | Wed~Fri |

Tel: 01-299493

Tel: 09-780390093,09780390094

# ကောင်းပြည့်စုံ

နွေရာသီသုံးလပြတ် တက္ကသိုလ်ဝင်တန်း သင်ခန်းစာ ဘာသာစုံပိုင်နိုင်စေရန် တိမ် အရောက် သင်ကြားပေးသည်။ တစ်နှစ်ပတ်လုံး အနီးကပ် Guide လည်း သင်ကြားပေးသည်။ (ပန်းဘဲတန်း၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် ရန်ကုန်မြို့ ထဲတစ်ဝိုက်)

အမှတ် (၂၈၅) မြေညီ၊
စကားဝါ(၃)လမ်း၊ နွယ်အေးရပ်ကွက်၊
ဒေါပုံမြို့နယ်။
၀၉ ၄၂၁၇၁၉၈၉၀၊ ၀၉ ၉၅၂၀၀၉၈၉၀

# MBA

BBA . EMBA . PhD



- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Education Loan from CB BANK Available

START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK320,000!

09952101011/ 09254045682 / 01667009

Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

# SEVEN

09-33 333 511
09-33 333 514
09-33 333 644

# T.V (ရန်ကုန်)

09-421150033, 09-73044311
09-5041550, 09-44005114, 09-779144499
09-260111942, 09420066955
09-44005112, 01-8011402, 01-8011403
09-44005113, 01-2332340

# နန်းထိုက်အောင်

09 3128 2593
09 3128 2594
09 3128 2595

# FAME LADYMAX™

Anti-acne Gel



City Care

Myanmar FDA Notification No: MN17037448

Ph: 09-965 559 860, 09 731 422 16

သမီးအမြွှာ ဝင့်မြတ်ထွယ်နှင့် ဝင့်မြတ်ချယ် သို့

ဖေဖေ ကိုဘုန်းပိုင်ဦး + မေမေ Dr. စုစုလှိုင်
ကိုကိုဟိန်းစစ်ညီမ်း တို့ရဲ့ မိသားစုဝင်
ချစ်သော သမီးအမြွှာလေးများရဲ့
ရက် (၁၀၀) ပြည့် မွေးနေ့မှသည်
လိမ္မာယဉ်ကျေး မိဘကျေးဇူး အထူးသိတတ်
အမျိုးဘာသာ သာသနာကို စောင့်ရှောက်
တတ်သော သမီးလိမ္မာလေးများ ဖြစ်ကြပါစေ...

ချစ်သောကြီးကြီးများ
ကြီးယဉ် (Dr. ယဉ်ယဉ်ထွန်း)၊ ကြီးမိုး (Dr. မေမိုးနွယ်)၊ ကြီးသီ (Dr. ခင်သီတာရီ)



ခြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေမည်။ ပွဲခပေးရန်မရှိ
ဖုန်း 01-2339310, 01-2339355, 01-578044

အောင်ကမ္ဘာ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး
ဒဂုံမြို့သစ်၊ ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက် ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။
Ph: 09-43118200, 09-450096144, 09-450096155

ရောင်းမည်
YBS(37)
ဂရန် - ပဲခူးသယ်
(၃၀' × ၆၀')
09-420211411

Ph: 095003288 · 09 453396332

Since 1996
ရုလ် စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

(ဒသမတန်း)ပညာသင်ဆု Scholarship ကြေညာခြင်း

ထူးချွန်ပြီးစာကြိုးစားသောကျောင်းသား/သူများ ပညာရေးအခွင့်အလမ်းရရှိစေရန် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်မှစ၍ အောက်ပါပညာသင်ဆုများကိုချီးမြှင့်ပါမည်။

- ပထမဆင့် ပညာသင်ဆု ➢ ဘော်ဒါနှင့်ကျောင်း ရာနှုန်းပြည့် အခမဲ့ ပညာသင်ကြားခွင့်၊
- ဒုတိယအဆင့် ပညာသင်ဆု ➢ ဘော်ဒါနှင့်ကျောင်း တစ်ဝက်သက်သာ ပညာသင်ကြားခွင့်၊

* မည်သည့် နဝမတန်း အောင်မြင်သော ကျောင်းသား/သူ မဆိုဝင်ရောက်ဖြေဆိုနိုင်ပါသည်။
* ထူးချွန်ဆုများကို လူဦးရေမကန့်သတ်ဘဲရွေးချယ်ပေးမည်ဖြစ်ပါသည်။

ဖြေဆိုရမည့်ဘာသာရပ်များ
၁။ မြန်မာစာ - စာစီစာကုံး၊ နဝမတန်းကဗျာ
၂။ အင်္ဂလိပ်စာ - Essay နှင့် Latter + နဝမတန်း Grammar
၃။ သင်္ချာ - နဝမတန်း သင်္ချာ
၄။ ဓာတုဗေဒ - နဝမတန်း ဓာတုဗေဒ
၅။ ရူပဗေဒ - နဝမတန်း ရူပဗေဒ

ဖြေဆိုရမည့်ရက်- မတ်လ (၄) ရက်နေ့

ဖြေဆိုရမည့်အချိန်
မနက် - ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ (မြန်မာစာ)
- ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီ (အင်္ဂလိပ်စာ)
၁၂း၀၀ နာရီ မှ ၁း၀၀ နာရီ (နေ့လယ်စာ)ကျောင်းမှ ကျွေးမွေးပါမည်။
နေ့လယ် - ၁း၀၀ နာရီမှ ၂း၀၀ နာရီ (သင်္ချာ)
- ၂း၀၀ နာရီမှ ၃း၀၀ နာရီ (ဓာတုဗေဒ)
- ၃း၀၀ နာရီမှ ၄း၀၀ နာရီ (ရူပဗေဒ)

ဖြေဆိုမည့်ကျောင်းသား/သူများသည် ကျောင်းရုံးခန်းသို့ မတ်လ (၂) ရက်နေ့နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါအချက်အလက်များဖြင့် မှတ်ပုံတင်ရမည်။
(အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ် (ရှိလျှင်)၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ယခင်တက်ရောက်ခဲ့သောကျောင်းအမည်များ၊ ယခင်ရရှိခဲ့ဖူးသော ပညာရည်ချွန်ဆုများ၊ (ဂုဏ်ပြုမှတ်တမ်းမိတ္တူ/ ဆုတံဆိပ်ဓာတ်ပုံများ)

ဖြေဆိုရမည့်နေရာနှင့် ကျောင်းရုံးခန်းလိပ်စာ - အမှတ်(၇၇)၊ ဒုတိယလမ်း၊ ရပ်ကွက်(၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (အမှတ်(၃) လမ်းမကြီး၊ ဓာတ်တိုင်၊ PT power ဆိုင်အနီး)
ဖုန်း - ၀၉ - ၄၅၆၄၉၉၉၉၉၁၊ ၀၉ - ၄၅၆၄၉၉၉၉၂၊ ၀၉ - ၅၁၅၈၈၈၅

SUMMER
ENGLISH COURSE
- English Time Series
- Basic Grammar
Stars' Choice
- Knowledge, Values
- Fun Games
- Joyful Melody
March 5 to May 24
Age 5 to 12 years
Room (101), No (35), Phyar Pone Street, Sanchaung Tsp, Yangon.
Ph: 09 - 421127523 , 09 - 73125683




သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
အဘိဓမ္မမဟာရဋ္ဌဂုရုကားလိုင်ဘာယာမြို့နယ်နေ
ဦးဇော်လင်းအောင်၊ ဒေါ်လှဲလှဲဝင်းတို့၏သား
အသက် (၅)နှစ်အရွယ် မွေးရာပါအကြားအာရုံချို့တဲ့၍
စကားမပြောနိုင်သော မောင်ကောင်းမြတ်သူအတွက်
အတွင်းနားအာရုံကြောနှီးဆွက် ခွဲစိတ်တပ်ဆင်ပေးရန်
အမေရိကန်ဒေါ်လာ (၁၀၀၀၀) ကို လှူဒါန်းပါသည်။



ဆရာတော်ဘုရားကြီးကိုယ်စား အရှင်ဓမ္မိက (သီတဂူ) နှင့် သီတဂူသာသနာပြုအဖွဲ့ဝင် အကျိုးဆောင် ဦးကျော်မိုးနိုင်တို့က
မိဘောကျွဆရာကြီး ဦးစိုးတင်ထံ ချိုချို တွင် (၉.၂.၂၀၁၈)၌ လာရောက်ပေးအပ်လှူဒါန်းခဲ့ပါသည်။
ထိုကုသိုလ်အစုစုကို နတ်လူသာဓုခေါ်နိုင်ကြပါစေ . . .




Better Life
BCSC Education & Career Supporting Centre
ဂျပန်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်
APU Shape your world Ritsumeikan Asia Pacific University
RITSUMEIKAN ASIA PACIFIC UNIVERSITY (APU)
**2018 September Intake ➡ 28.3.2018**
- အင်္ဂလိပ် (သို့) ဂျပန်ဘာသာဖြင့် သင်ယူနိုင်ခြင်း
- 30% မှ 100% အထိ ပညာသင်ဆုအဖြစ် အခြားသော ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ခြင်း
- နိုင်ငံပေါင်း ၉၀ ကျော်မှ ကျောင်းသားများနှင့် အတူတူစာလေ့လာနိုင်ခြင်း
- အလုပ်အကိုင်အခွင့်အလမ်း 95% အထိ အာမခံချက်ရှိခြင်း
အခမဲ့ ဝန်ဆောင်မှု
အမှတ်(၂၄)၊ အခန်း(၆)၊ ပထမထပ်၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း- 09 250649545၊ 09 263224856



England
April 10 - 20
( Cardiff-Windsor-Brighton-London-Manchester-Stratford )

Russia
April 12 - 19
( Moscow-St. Petersburg )

America
April 07 - 19
( San Fran-LA-Las Vegas-Niagara-Washington DC-New York )

Australia
April 10 - 20
( Melbourne-Sydney-Gold Coast-Brisbane )

ESCAPE FROM EVERYDAY LIFE
NM New Motion
NEW MOTION
TRAVELS & TOURS
09-73117723/4, 09-260792883/5
09-73148933/44/55/66

Europe
April 10 - 17
( Netherlands, Belgium, Luxembourg, France )

Europe
April 10 - 20
( France, Switzerland, Italy )

Europe
April 11 - 19
( Scandinavia )
(Denmark, Norway, Sweden)

Europe
April 13 - 21
( Athen, Kalambaka, Zakynthos, Santorini )

Ever Clean Travel & Tour
Feb 28, Mar 25
09-33886666, 09-795185522

SY-TECH Travel & Tour
( Guest House )
၀၉-၇၈၀၅၂၄၅၀၄၄

Taw Win Nan Htake Htar Travels & Tours
No.(1), 151*, Tamwe Township, Yangon.
5N/6D, 4N/5D, 3N/4D
Feb - 23,28
Mar - 23
Apr - 12,13,14
09- 4500 43394, 09-252630799, 09-787177990

TALENT STAR EDUCATION CENTRE
T.S.E.C
Training Camp
English Four skills (Audio Visual Learning)
Basic Computing
Talent Maths Test
Art & Music
Hotline
09 765 411 979
09 420 033 765
09 250 813 512



ဒေါ်ကလေးပန်းချီ-မြေပုံ
Feb Discount
09- 421 323 421

ထိပ်တန်း



သင်
ဘာပဲ ဖြစ်ဖြစ်...
ပန်းလှိုင်ဆေးခန်း
(ဗိုလ်ချုပ်အောင်ဆန်းလမ်း)
01 824 5483
PUN HLAING SILOAM HOSPITALS
အရေးပေါ်လူနာနှင့် နလုံးအောင်ခြင်းဝေဒနာများအတွက် (၂၄) နာရီ (၇) ရက် ဝန်ဆောင်မှု
facebook Pun Hlaing Siloam Hospitals

၂၀၁၈ စာအုပ်
ထွက်ပြီ




www.yangondirectory.com
The YANGON DIRECTORY
Everything U Need


**Star Zone** Travels & Tours

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ရုံးပိတ်ရက် ခရီးစဉ်များ

| | | | |
|---|---|---|---|
| အမေရိကား ခရီးစဉ် [East+West] | | 8 Apr | 4490 $ |
| ဥရောပ(၃)နိုင်ငံ ခရီးစဉ် | | 9 Apr | 3200 $ |
| ဂျပန် ခရီးစဉ် | | 11 Apr | 2700 $ |
| ကိုရီးယား ခရီးစဉ် | | 12 Apr | 1660 $ |
| ထိုင်ဝမ် ခရီးစဉ် | | 13 Apr | 1350 $ |
| ဟောင်ကောင် - မကာအို ခရီးစဉ် | | 11 Apr | 1350 $ |
| ဘာလီ ခရီးစဉ် | | 14 Apr | 895 $ |
| ထိုင်းနိုင်ငံ ခရီးစဉ် | | 1 Mar/ 13 Apr | 420 $/620 $ |
| ထိုင်းနိုင်ငံ ခရီးစဉ် | | 13 Apr | 630 $ |
| စင်ကာပူ ခရီးစဉ် | | 1 Mar/13 Apr | 685 $/790 $ |
| ထိုင်းနိုင်ငံ ခရီးစဉ် | | 12 Apr | 620 $ |

"Samsung Galaxy Note 8"

# စိုးဇင်စာပေ၏စာအုပ်အမှတ် (၂၈)




## ဒေါက်တာ စိုးလွင်

ခွဲလမ်းခြင်းမှ လွန်မြောက်
ငြိမ်းအေးခြင်းသို့
ရောက်စေသည်း

ထွက်ပြီ

Tel:
01 228297,
09 5049783,
09 450040767

" Smarter Youths for Better Future "

## ဦးရဲဇော်လတ်
M.A(UFL),MBA(UTCC)

SUMMER ENGLISH

Basic Grammar & Speaking
Grade 3 to Grade 10

မတ်လ(5) စပြီ

-09-5057138,09-73175231

## အောင်ချမ်းသာ

အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

DYNA 14',16'

09 43182828
09 73140091
09 5037847

**LANCASTER** *Education Centre*

နွေရာသီအင်္ဂလိပ်စာအထူးသင်တန်းများ (March April May)



*Beginners
*Starters
*Movers *Flyers
*KET *PET

*English & Skills*
*Grammar Writing*
*Drawing Internet*
*Arts & crafts Story telling*
*Excursions*

Cambridge ESOL YLE Exam

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဂရန်မြေ
(၆၀' x ၁၃၆') နှင့်(၆၀' x ၁၀၀') ပေအကွက်များ
သင့်တင့်သောဈေးနှုန်းဖြင့်ရောင်းမည်

09 -78200176, 09-2005016, 09-5010153

## ရွှေမဟာ

09 -5106146
09 -775106146

Ph:09425334456,09250233599,0949323965

## သန္တာသူ

09 4210 14940
09 4210 68050

- Feb 28 65000/90000/-
- ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် Feb 28 120000/-
- ထားဝယ်-ရှင်ကိုးရှင်-မြိတ်ကျွန်းစု Feb 28 220000/-

CAR RENTAL

Feb 28-Mar 03
Apr 12-Apr 14

09-254 503 287, 09-976 429948, 09-974313779

## ရွှေပင်းသပ်စီး

Air-con express Restaurant Hotel

Ph: 09-7777 36185, 09-260009505

## FULLY LIGHT TRAVELS & TOURS CO., LTD.

Book Now!

2018

| | | | |
|---|---|---|---|
| 1. | ဂျပန် ခရီးစဉ် ( 6D/5N) | ( 11-16/04/18 ) | 2150 USD |
| 2. | ထိုင်ဝမ် ( 6D/5N) | ( 14-19/04/18 ) | 1300 USD |
| 3. | ထိုင်ဝမ် (8D/7N) | ( 14-21/04/18 ) | 1420 USD |
| 4. | ကိုရီးယား -Everland- (6D/5N) | ( 13-18/04/18 ) | 1480 USD |
| 5. | ခရီးစဉ် (8D/7N) | ( 13-20/04/18 ) | 1880 USD |
| 6. | ခရီးစဉ် (8D/7N) | ( 13-20/04/18 ) | 1860 USD |
| 7. | - Avatar - (7D/6N) | ( 13-19/04/18 ) | 1580 USD |
| 8. | (14D/13N) | ( 07-20/04/18 ) | 4990 USD |
| 9. | စင်ကာပူခရီးစဉ် (4D/3N) | ( 12-15/04/18 ) | 890 USD |
| 10. | ခရီးစဉ် (3D/2N) | ( 13-15/04/18 ) | 690 USD |

Hotline :09-421013085,09-33377782,09 2653 99993, 09 2653 99995,09 2653 99996

www.fullylighttravel.com

## STANDARD ECOZONE

SG Eco laminate floor
New Designs



12 mm-၁ ကျင်း
134,000 Ks

New

Hotline: 09 4555 444 30, 09 4555 444 03

နွေရာသီ အားလပ်ရက်များတွင်
မိသားစု များ ပျော်ရွှင်စွာ ရေကစားရင်း
အပန်းဖြေနိုင်ရန် အတွက် ...
**Wet 'n' Wild Water Park**
Ph: 09-260333367

PTG (Yangon) Co.,Ltd
Ph: 09-260222267, 09-260333367

- သည်းခြေကျောက်တည်ရောဂါဆိုသည်မှာ
- သည်းခြေကျောက်တည်ရောဂါနှင့် အစားအစာ
- သည်းခြေကျောက်တည်ရောဂါကိုကုသခြင်း

ဘဝ (Life style) ကို

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားသော

## သည်းခြေကျောက်တည်ရောဂါ



Ks 5,000

Ph: 09 965 559 860, 01 368 2199, 368 5083, 368 5609

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Happy New Year Promotion အထူးအစီအစဉ် (1.1.2018 မှ 31.3.2018)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘောထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ ရေညှိတန်းလမ်းမ၊ ရေညှိတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၉၅၀၂၊ ၅၂၃၁၁၈
PH; ၀၉-၇၇၃၁၈၂၆၉၇၊ ၀၉- ၂၅၇၂၀၈၀၀၂

"ဒီ... ဗိုက်ဆံများရှိလိုကတော့...
ကာတီယာစိန်တိုက်
ကစိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို
စိန်စီပစ်လိုက်မှာ..."

# ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ Certificate စိန်အပွင့်ကြီးများကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနေပါသည်။
Certificate မပါသော စိန် အပွင့်များကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

| | |
|---|---|
| 1 ရတီ | : သိန်း 30 - သိန်း 90 ခရေအထိ |
| 1 ရတီမှ 1ရတီခွဲ | : သိန်း 40 - သိန်း 100 ခရေအထိ |
| 1 ရတီခွဲမှ 2ရတီ | : သိန်း 50 - သိန်း 120 ခရေအထိ |
| 2 ရတီ မှ 3ရတီ | : သိန်း 60 - သိန်း 140 ခရေအထိ |
| 3 ရတီ မှ 4ရတီ | : သိန်း 75 - သိန်း 200 ခရေအထိ |
| 4 ရတီ မှ 5ရတီ | : သိန်း 90 - သိန်း 250 ခရေအထိ |
| 5 ရတီအထက် | : သိန်း 110 - သိန်း 300 ခရေအထိ |

Color G,H,I,J,K,L,M, & Clarity IF, VVS1, VVS2

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်)၊ Tel : 246838, 384905, 241929 Show Room(II) No.52 အရှေ့ဘက်၊ အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး၊ Tel : 253308




09-79 700 70 71
09-79 700 70 81

KN Tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

# တက်နေဝန်း

(10'/14')Box
09-442076599
09-400448695
09-33100721

# နေပြည်တော်
## ကားမောင်း(အတတ်သင်)သင်တန်း

ဝ-(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
Manual & Auto

# ရောင်းမည်

(B.C.C ရနိုင်)
ဖုန်း-09-5401011, 09-73095677, 09-5002931

GRAND HANTHA INTERNATIONAL HOSPITAL

MMPGA

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

| ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး | အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး | အထွေထွေရောဂါ အထူးကုသမားတော်ကြီး | ကလေးအထူးကုသမားတော်ကြီး |
|---|---|---|---|
| ဒေါက်တာမောင်ခင်း | ဒေါက်တာအောင်ကျော်ထူး | ဒေါက်တာမျိုးလွင် | ဒေါက်တာသန်းသန်းနု |
| MBBS, MD (Orthopedics) | MBBS, MD, FCCP, ABSM Critical Care, Pulmonary and Sleep Medicine California, USA | MBBS, MD, ABIM Board Certified, ECFMG Internal Medicine, Consultant Physician Missouri, USA | MBBS,MD,FAAP, ECFMG, American Board of Paediatrics Certified. Consultant Pediatrician New Jersey, USA |
| ၅.၂.၂၀၁၈ မှ ၁၇.၂.၂၀၁၈ထိ | ၁၂.၂.၂၀၁၈ မှ ၂၃.၂.၂၀၁၈ထိ | ၅.၃.၂၀၁၈ မှ ၂၃.၃.၂၀၁၈ထိ | ၁၉.၂.၂၀၁၈ မှ ၂၂.၆.၂၀၁၈ထိ |

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ လူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂၊ ၀၉ ၅၂၀၂၂၈၂၊ ၀၉ ၅၂၀၂၂၈၃၊ ၀၉ ၅၂၀၂၂၈၄

# မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကျင်းပခဲ့သည့် အမြင့်ဆုံးသာသနာတော်ဆိုင်ရာ ချီးမြှောက်မှုအခမ်းအနား ဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ညှိနှိုင်းဆောင်ရွက်

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။**

## WLC လက်ရှိချန်ပီယံ တူးတူးနှင့် ယူကရိန်းမှ ဆိုရိုကင်တို့ ကမ္ဘာ့လက်ဝှေ့ချန်ပီယံကာကွယ်ပွဲအဖြစ် ယနေ့ ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဗလာလက်သီးဘုရင် BARE-KNUCKLE KING ဟု အမည်ပေးထားသည့် WLC-4 (World Lethwei Championship) ပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် ဖေဖော်ဝါရီ ၁၇ ရက်(ယနေ့) ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တွဲဆိုင်း ခုနစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပွဲစဉ်(၇)အဓိကပွဲစဉ်အဖြစ် WLC မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့လက်ရှိချန်ပီယံ မြန်မာ့လက်ဝှေ့ကျော် တူးတူးနှင့် ယူကရိန်းနိုင်ငံသား ဆိုရိုကင်(Vasyl Sorokin)တို့၏ ချန်ပီယံကာကွယ်ပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တူးတူးသည် မြန်မာ့လက်ဝှေ့ရှုံးပွဲမရှိ မှတ်တမ်းပိုင်ဆိုင်ထားသူဖြစ်ပြီး ဆိုရိုကင်မှာ မွေထိုင်းလက်ဝှေ့ကျော် ဆုစခွန်ကို ပြီးခဲ့သည့်ဒီဇင်ဘာလက ကျင်းပခဲ့သော

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




**WLC-3 မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ခါးပတ်လုပွဲတွင် ဩစတြေးလျနိုင်ငံသား ဘာဒါတိုဟာအား အနိုင်ရရှိခဲ့သည့် တူးတူး။**

## MNL-2 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)တွင် Mountain Lion နှင့် ကချင်ယူနိုက်တက်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၈ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ Mountain Lion နှင့် ကချင်ယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် Mountain Lion အသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**






# မွန်တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

● မာမာစိုး(ကြေးမုံ)

မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ ရိုးရာဓလေ့နှင့် ရိုးရာဝတ်စားဆင်ယင်မှုတို့တွင် ကိုယ်စီကိုယ်စီ တန်ဖိုးထားကြသည်။

သမိုင်းမတင်မီခေတ်က အာရှတိုက်အလယ်ပိုင်းမှ မောင်းဂွတ်လူမျိုးနွယ်တို့သည် တရုတ်နိုင်ငံ ယန်စီကျန်မြစ်ဝှမ်းမှ တောင်ဘက်သို့ တဖြည်းဖြည်းရွှေ့လျားဆင်းသက်လာရာ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာကြသည်။ မောင်းဂွတ်မျိုးနွယ်တို့သည် တောင်ဘက်သို့ တဖြည်းဖြည်းဆင်းသက်ရင်း ကြာလာသောအခါ လူမျိုးစု သုံးစု ကွဲသွားကြသည်။ ထိုသုံးမျိုးမှာ မွန်ခမာ၊ တိဗက်မြန်မာနှင့် တိုင်တရုတ်မျိုးနွယ်တို့ ဖြစ်ကြသည်။ မွန်ခမာမျိုးနွယ်တို့သည် ယခုခေတ် မွန်ပြည်နယ်တစ်ခွင် အခြေစိုက်နေထိုင်ကြသူများ ဖြစ်ကြသည်။

မွန်လူမျိုးတို့သည် ဘီစီ ၁၀၀၀ ခန့်ကပင် မြန်မာနိုင်ငံအောက်ပိုင်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် အခြေချနေထိုင်ပြီး မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြသည်။ အေဒီ (၁၂၈၁-၁၇၅၇) က ဒုတိယဟံသာဝတီနိုင်ငံကို တည်ထောင်သည့် ဝါရီရူ(မဂဒူ)နှင့် ၎င်း၏အရိုက်အရာကို ဆက်ခံသည့် မင်းဆက်များက မြန်မာနိုင်ငံ အောက်ပိုင်းဒေသကို ပုသိမ် ၃၃ မြို့၊ မုတ္တမ ၃၃ မြို့၊ ဟံသာဝတီ ၃၃ မြို့ စုစုပေါင်း ၉၉ မြို့ကို ရာမညဒေသအဖြစ် သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။ မွန်ပြည်နယ်သည် ဧရိယာစတုရန်းကီလိုမီတာ ၁၂၂၉၆ ဒသမ ၆၄ ကျယ်ဝန်းသည်။ ၂၀၁၄ ခုနှစ်သန်းခေါင်းစာရင်းအရ လူဦးရေ ၂၀၅၄၃၉၃ ရှိပြီး မြန်မာနိုင်ငံ၏ လေးရာခိုင်နှုန်းရှိသည်။

ကိုယ်ပိုင်စာပေ၊ ဂီတအနုပညာ၊ လက်မှုပညာ၊ ယဉ်ကျေးမှုတို့ဖြင့် မြင့်မားစွာနေထိုင်ခဲ့ကြသော လူမျိုးများဖြစ်သည်။ "သာသနာအစ သထုံက"ဟု ဆိုရိုးရှိသည့်အတိုင်း မွန်တို့သည် ဗုဒ္ဓသာသနာကို ဦးစွာပထမ ကိုးကွယ်ခွင့်ရရှိသူများ ဖြစ်ကြသည်။

မွန်လူမျိုးများသည် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ အထူးသဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။

ရိုးရာဝတ်စုံများတွင်လည်း လူမျိုးအလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများရှိကြသည်။ "မွန်လူမျိုးတွေဟာ မိမိတို့ရဲ့ ရိုးရာဝတ်စုံတွေကို အမျိုးသားနေ့မှာ အလေးထားဝတ်ဆင်ကြပါတယ်၊ အမျိုးသားနေ့မှာသာမကဘဲ နေ့တိုင်းအမြတ်တနိုး ဝတ်ဆင်ကြသူတွေလည်း ရှိကြပါတယ်၊ မွန်လူမျိုးတွေဟာ မွန်ရိုးရာဝတ်စုံဝတ်ဆင်ခြင်းဖြင့် ကျန်းမာခြင်း၊ အရွယ်တင်စေခြင်းတို့အပြင် လာဘ်ရွှင်တယ်လို့လည်း ယုံကြည်ကြပါတယ်"ဟု မွန်တို့၏ ရိုးရာဝတ်စုံများနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးက ရှင်းလင်းပြောပြသည်။

မွန်အမျိုးသားတို့၏ ဝတ်စုံသည် ယုံကြည်ကိုးကွယ်ရာမွန်နတ်(အဖိုး)၏ ဝတ်စုံအဆင်အသွေးအတိုင်းဖြစ်သည်။ အခြားတိုက်ပုံများနှင့်မတူသည်မှာ လည်ပင်းနေရာတွင် အလုံးကွပ်မဟုတ်ဘဲ လည်ကတုံးဖြစ်သည်။ တိုက်ပုံ၏ ခြင်းလုံးပုံ လက်ထိုးကြယ်သီးနေရာတွင် ချည်ကြိုးကို အသုံးပြုထားသည်။

မွန်အမျိုးသားများ ဝတ်ဆင်ကြသည့် ရိုးရာလုံချည်တွင် ဖန်တီးထားသည့် အစင်းအနီ လေးထောင့်ကွက်၏အဓိပ္ပာယ်မှာ လယ်ကွက်အမှတ်အသား၊ လယ်ယာလုပ်ငန်း၏ အမှတ်အသားဖြစ်သည်။ လေးထောင့်ကွက်များသည် လယ်ယာလုပ်ငန်းကို ရည်ညွှန်းသည်။ အလွန်အမင်းပင်ပန်းလှသည့် လယ်ယာလုပ်ငန်းကို တော်တန်ရုံ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် မလုပ်ကိုင်နိုင်ကြပေ။ သို့သော် ရဟန်းရှင်လူ ပြည်သူတို့အတွက် ဆန်စပါးပြည့်ဝစေလိုသော စိတ်ထားဖြင့် အလွန်ကုသိုလ်ကြီးမားသည့်အလုပ်ဟု မွန်လူမျိုးတို့ ယုံကြည်ကြသည်။ ထို့ကြောင့် အနီရောင်သည် ဖွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။

အထူးကဏ္ဍ [ ခ ] သို့ »»



ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုအခမ်းအနားတွင် ရိုးရာဝတ်စုံဆင်မြန်းထားကြသည့် မွန်တိုင်းရင်းသားတစ်ဦးနှင့် တိုင်းရင်းသူတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - ထက်မြလွှန်း



ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုအခမ်းအနားတွင် မွန်တိုင်းရင်းသူလေးများ ကပြဖျော်ဖြေစဉ်။ ဓာတ်ပုံ - ထက်မြလွှန်း



ဓာတ်ပုံ - အင်တာနက်

အထူးကဏ္ဍ [ က ] မှ »»»

လုံချည်၏ အလယ်တွင် အနီရောင် လေးထောင့်ကွက်များကို ကန့်ထားသည့် အဖြူစင်းများသည် စိတ်စေတနာဖြူစင်ခြင်းကို ရည်ညွှန်းပြီး ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ပြီးလုပ်ကိုင်ရသည့် လယ်ယာလုပ်ငန်းကို စိတ်စေတနာဖြူစင်စွာဖြင့် လုပ်ကိုင်ကာ ထိန်းကွပ်သည်ဟု အဓိပ္ပာယ်ရသည်။ အနားကွပ်ကို အဖြူရောင် အနားကွပ်ကြီးကြီးဖြင့် ကွပ်ထားရခြင်းမှာ အရာရာကို ကြီးမားဖြူစင်သည့် စိတ်ထားသာလျှင် ကွပ်ကဲနိုင်သည်ဟု အဓိပ္ပာယ်ရသည်။ မည်သည့်နေရာတွင်မဆို စိတ်စေတနာဖြူစင်စွာထားပြီး လုပ်ကိုင်သော အလုပ်မှန်သမျှသည် မဟာကုသိုလ်အကျိုးပေးသည်ဟု မွန်လူမျိုးတို့က ယုံကြည်ကြသည်။ ဖြူစင်သောစိတ်စေတနာကို

**မည်သည့်နေရာတွင်မဆို စိတ်စေတနာဖြူစင်စွာထားပြီး လုပ်ကိုင်သော အလုပ်မှန်သမျှသည် မဟာကုသိုလ် အကျိုးပေးသည်ဟု မွန်လူမျိုးတို့က ယုံကြည်ကြသည်။ ဖြူစင်သော စိတ်စေတနာကို ဇွဲသတ္တိကို ကိုယ်စားပြုသော အနီရောင်ဖြင့် ထိန်းကွပ်ထားသည့် အဓိပ္ပာယ်ဖြစ်သည်။**

ဇွဲသတ္တိကို ကိုယ်စားပြုသော အနီရောင်ဖြင့် ထိန်းကွပ်ထားသည့် အဓိပ္ပာယ်ဖြစ်သည်။ အရောင်များတွင် အနီရောင်သည် စိတ်ဓာတ်ကို မြှင့်တင်ပေးသည့်အရောင်ဖြစ်ပြီး ဇွဲ၊ သတ္တိရှိခြင်း၊ ဝီရိယကောင်းခြင်းတို့ကို ဖော်ဆောင်ပေးရာ ရိုးရာဝတ်စုံဝတ်ဆင်ခြင်းဖြင့် စိတ်ဓာတ်ကို တက်ကြွစေသည်။

အမျိုးသမီးဝတ်စုံသည် အဖြူရောင် ရင်စေ့လက်ရှည်ဖြစ်ပြီး ကြယ်သီးများ တပ်ဆင်မည့်အစား ကြိုးငါးချောင်း တပ်ဆင်ထားသည်။ မွန်အမျိုးသမီးတို့၏ ထဘီမှာ အနီရောင်အောက်ခံ ကြက်ခြေခတ်အနက်ကွက်၊ ရောင်စုံအစင်းပတ် ခြောက်လက်မ ပါရှိသည်။ မွန်ထဘီတွင် ဖော်ထားသော အဆင်ဒီဇိုင်းမှာ မွန်အမျိုးသမီးတို့ လက်ရက်ကန်း ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ကြောင်း ဖော်ကျူးထားသည့် ဒီဇိုင်းဖြစ်သည်။ ဆံထုံးကို မြင့်မြင့်ထုံးတတ်ပြီး စံပယ်ပန်း၊ သဇင်ပန်းများကိုလည်း အမြတ်တနိုးပန်ဆင်လေ့ရှိကြသည်။ နားနောက်တွင် ဆံတောက်ထား၏။ အနီရောင်ပဝါကို ဘယ်တင်လွယ်သိုင်းထားခြင်းမှာ ဗုဒ္ဓဘာသာကိုးကွယ်ခြင်း၏ သင်္ကေတဖြစ်သည်။ ခေတ်ကာလရွေ့လျားလာသည်နှင့်အမျှ မွန်အမျိုးသမီးဝတ်စုံများကို အရောင်အသွေးစုံလင်စွာဖြင့် ဖန်တီးဝတ်ဆင်လာကြသည်။

လူမျိုးတစ်မျိုး၏ မျိုးရိုး၊ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ပြုစုပျိုးထောင်ပြီး ကွယ်ပျောက်မသွားအောင် ထိန်းသိမ်းရန်မှာ ထိုလူမျိုးတို့၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်သည်။ ။

# ငါးတော့ (သို့မဟုတ်) ထားဝယ်ဟင်းထုပ်





“ငါးတော့”ဆိုတာက ထားဝယ်ဒေသဘက်မှာ နာလန်ထစ သက်ကြီးရွယ်အိုများ အစားအသောက်မကောင်းဘဲ ခံတွင်းပျက်နေတဲ့အခါမျိုးတွေမှာ ခံတွင်းလိုက်စေဖို့ ချက်ပြုတ်ကျွေးမွေးလေ့ရှိတဲ့ ထားဝယ်ကျေးလက်ဟင်းလျာတစ်မျိုးပါ။ ငါးတော့လုပ်ဖို့အတွက် ချောင်းထဲက ဖမ်းလို့ရတဲ့ ရေကြည်ငါးကလေးတွေ၊ ပုစွန်ဆိတ်ကလေးတွေကို သုံးပါတယ်။ ခုနောက်ပိုင်းမှာတော့ အသားပေါတဲ့ ငါးအကြီးတွေကို အစားထိုးသုံးလာကြတာ တွေ့ရပါတယ်။

ငါးတော့ဟင်းထုပ်လုပ်ဖို့အတွက် ပထမဦးဆုံး လတ်လတ်ဆတ်ဆတ် ငါးငယ်လေးတွေ ပုစွန်ဆိတ်ကလေးတွေကို သန့်စင်ပါ။ ပြီးရင် ဆား၊ နနွင်း၊ မှျင်ငါးပိနည်းနည်းနဲ့ ရောနယ်ပြီး ဆားပြားဝင်အောင် နှပ်ထားရပါမယ်။ ငါးတော့ဟင်းထုပ်အတွက် မဖြစ်မနေပါဝင်ရမှာကတော့ ကင်ပွန်းချဉ်ရွက်၊ ရဲယိုရွက်၊ စပါးလင်နဲ့ ကြက်သွန်မြိတ်တို့ ဖြစ်ပါတယ်။ ကင်ပွန်းချဉ်ရွက်သင်၊ ကြက်သွန်မြိတ် လက်တစ်ဆစ်လောက်ဖြတ်ပြီး အသင့်ရေဆေးထားပါ။

ကြက်သွန်ဖြူ နီ၊ စပါးလင်နဲ့ ကုလားအော်ငရုတ်တောင့်ကို ညက်အောင်ထောင်းပါ။ ပြီးတဲ့အခါ ကြက်သွန်အဆာ၊ ကင်ပွန်းချဉ်ရွက်၊ ဆန်လှော်မှုန့်တို့ကို ဆီအနည်းငယ်လောင်းပြီး ငါးအသားနဲ့ သမအောင်ရောနယ်ရပါမယ်။ ပြီးရင်တော့ ငှက်ပျောဖက်ကို ရေဆေး၊ အလယ်ကျောသင်ပြီး အထုပ်ကလေးတွေ ထုပ်လို့ကောင်းအောင် မီးလေးပြလိုက်ပါ။ ရဲယိုရွက်ကို ရေစင်စင်ဆေးပြီးရင်တော့ ငါးတော့ဟင်းထုပ် စလုပ်နိုင်ပါပြီ။

အသင့်နယ်ထားပြီးဖြစ်တဲ့ ငါးအသားကို အနေတော်ယူပြီး ငှက်ပျောဖက်အပေါ် ထပ်ထားတဲ့ ရဲယိုရွက်ထဲထည့်ကာ လေးခေါက် ခေါက်ထုပ်ပါ။ ငါးအထုပ်ကလေးတွေ အားလုံးထုပ်ပြီးရင် ဝါးညှပ်တံမှာစီပြီး မျက်နှာပြင်နှစ်ဖက် အကျက်ညီအောင် မီးကင်ရပါမယ်။ တချို့ကတော့ ဒယ်အိုးကို မီးပြင်းတိုက်ပြီး အိုးကင်းကပ်ကြပါတယ်။ အိုးကင်းကပ်တယ်ဆိုတာက ဒယ်အိုးမျက်နှာပြင်ကို ပူချစ်နေအောင် မီးပြင်းတိုက်ပြီး ဒယ်အိုးမျက်နှာပြင်ပေါ်ကို ဟင်းထုပ်ကျက်အောင် လှည့်လှည့်ပြီး ကပ်ပေးရတာပါ။ မီးကင်ထားတဲ့ ငါးတော့ဟင်းထုပ်က မီးသင်းနံ့လေးပါလို့ ပိုမွှေးပြီး အနံ့ရရုံနဲ့တင် သွားရည်ကျတယ်လို့ ဆိုပါတယ်။

စားခါနီးအထုပ်ဖြေလိုက်ရင်ပဲ ဆီနဲ့ နူးအိနေတဲ့ ရဲယိုရွက်နဲ့ထုပ်ထားတဲ့ ငါးတော့ဟင်းရနံ့ မွှေးမွှေးကလေးက ဆွဲဆောင်မှုအပြည့်ပါပဲ။ ငါးတော့ဟင်းထုပ်ရဲ့ အရသာက ကင်ပွန်းချဉ်၊ စပါးလင်နဲ့ ကြက်သွန်မြိတ်တို့ရဲ့အရသာ ချဉ်၊ ချို၊ ငန်၊ စပ် လေးမျိုးကဲနေတာမို့ စားလိုက်ရင် လျှာစွဲပြီး နှုတ်မြိန်စေတာအမှန်ပါ။ ခုခေတ်မှာ ဝါးညှပ်တံနဲ့ မီးကင်ဖို့ အတော်များများ အဆင်မပြေကြတာမို့ ပေါင်းအိုးတွေကိုသာ အလွယ်တကူအသုံးပြုနေကြတာကို တွေ့ရပါတယ်။ ထားဝယ်ရိုးရာ ငါးတော့ဟင်းလျာကို မြည်းစမ်းကြည့်ကြဖို့ တိုက်တွန်းပါရစေ။

**စံလွင် (ငါးဦးစီး)**



**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



ချင်းရိုးရာတူရိယာဖြင့် ဖျော်ဖြေနေသည့် ချင်းအမျိုးသမီးကြီးတစ်ဦး။



မျက်နှာပြင်ပေါ်တွင် ပါးရဲထိုး (ဆေးမင်ကြောင်ခြယ်) ထားသည့် ချင်းတိုင်းရင်းသူတစ်ဦး။

**အထူးကဏ္ဍ [ ယ ] မှ »»»**

အလွန်ရှားပါးသော ဇာမဏီငှက်အပါအဝင် ငှက်မျိုးပေါင်း ၁၅၀ ကျော်တို့၏ မူရင်းဒေသဖြစ်သည်။ ၎င်းတိရစ္ဆာန်များအနက် မျက်ခုံးမွေးဖြူ ငှက်ပြာခြောက်ငှက်ကို ကမ္ဘာပေါ်၌ နတ်မတောင်တွင်သာ တွေ့မြင်နိုင်သည့် ငှက်မျိုးနွယ်ဖြစ်သည်။

နတ်မတောင်ရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် မျှတစွာရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ၁၉၃၉ ခုနှစ်မှစတင်၍ ဥတုကြိုးဝိုင်းအဖြစ် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုတင်ပြခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက် တွင် အာဆီယံအမွေအနှစ်ဆိုင်ရာ ဥယျာဉ်စာရင်းဝင် ဖြစ်လာခဲ့သည်။ နတ်မတောင် အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်များတွင်တည်ရှိပြီး ဧရိယာ ၂၇၅ ဒသမ ၅ စတုရန်းမိုင် ကျယ်ဝန်းသည်။

ထို့ပြင် ချင်းပြည်နယ်၌ တစ်ချိန်က ချင်းမျိုးနွယ်စုတချို့မှ ချင်းတိုင်းရင်းသူများသည် မျက်နှာပြင်ပေါ်တွင် ပါးရဲထိုး(ဆေးမင်ကြောင်ခြယ်)သည့် အလေ့အထရှိခဲ့သည်။ မျက်နှာပြင်ပေါ်ရှိ ပါးပြင်၊ မျက်ခွံ၊ နဖူး၊ မေးစေ့ စသည်တို့တွင် အစက်အပြောက်များ၊ အလျားလိုက်မျဉ်းများ၊ ဒေါင်လိုက်မျဉ်းများနှင့် စာလုံးများရေးထိုးကြသည်။ မင်းတပ်နှင့် ကန်ပက် လက်မြို့ အနီးဝန်းကျင်ကျေးရွာများတွင် နေထိုင်ကြသည့် ပါးရဲထိုး ချင်းတိုင်းရင်းသူအမျိုးသမီးကြီးများကို သွားရောက်လေ့လာနိုင်ပါသည်။ *ဆက်လက်ဖော်ပြပါမည်။*

# တိုင်းရင်းသားလူမျိုးစုများ၏ သတ္တမအကြိမ်မြောက်ဈေးရောင်းပွဲတော် လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသား စသည့် တိုင်းရင်းသားလူမျိုးစုများ၏ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတ္တမအကြိမ် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့် အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်လည်ပတ်သူများ စည်ကားခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်(နောက်ဆုံးနေ့) ညပိုင်း၌ လာရောက်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးရရှိစေရန် တိုင်းရင်းသားလူမျိုးစုအချင်းချင်း သံသယများကို ဖယ်ထုတ်ပစ်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုများ တည်ဆောက်၍ အပြန်အလှန်လေးစားရမည်ဖြစ်ကာ တစ်ဦး၏အကျိုးကို တစ်ဦးက လိုလားရမည်ဖြစ်ကြောင်း၊ လူမျိုးစုများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ ယဉ်ကျေးမှု စသောမြတ်နိုးအပ်သည့် အမွေအနှစ်များကို စောင့်ရှောက်ရမည့်နည်းတူ တစ်ဦးနှင့်တစ်ဦး အကာအကွယ်ပေးကြဖို့ တာဝန်ရှိကြောင်း၊ အစိုးရသက်တမ်းနှစ်နှစ်အတွင်းမှာ မန္တလေးကို အခြေစိုက်ကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ပွဲတော်ပြုလုပ်သည်မှာ ယခုနှစ်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယခင်နှစ်ကထက် ယခုနှစ် ပိုစည်ကားပြီး ပိုပြီးညီညွတ်လာသည်ဟု ထင်ကြောင်း၊ မြန်မာနိုင်ငံမှာ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးစုအားလုံးတွင် ကိုယ်ပိုင်ဓလေ့ထုံးစံ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာအားလုံးရှိကြကြောင်း၊ ပြည်ထောင်စုနေ့ ကျင်းပခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေပြီး ရင်ထဲမှာ အမြဲတမ်းရှိနေစေရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှု ပဒေသာကပွဲဟူသည် တိုင်းရင်းသားများ၏ အနုပညာအက၊ အလှတွေကို တန်ဖိုးထားမြတ်နိုးတတ်အောင် လုပ်ပေးခြင်းဖြစ်ကြောင်း၊ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သွားနေသည့် ငြိမ်းချမ်းရေးကို အထောက်အပံ့ အကူအညီပေးရင်းဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကြီးတစ်ခု ဖော်ဆောင်ရန် အားလုံးသန္နိဋ္ဌာန်ချထားကြပါကြောင်း ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက ကျင်းပသော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (သတ္တမအကြိမ်) တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်၊ တိုင်းရင်းသားပဒေသာကပွဲတွင် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းပန်ဆိုင်းက ပြောသည်။

"ကျွန်တော်တို့ ဒီတိုင်းရင်းသား ဈေးရောင်းပွဲကျင်းပလာတာ သတ္တမအကြိမ်မြောက် ရှိပါပြီ၊ ဒီနှစ်ကတော့ အစည်းကားဆုံးပါပဲ၊ ပြည်ထောင်စုနေ့လည်းဖြစ်၊ ဒီနှစ်ပွဲရဲ့ နောက်ဆုံးနေ့လည်းဖြစ်တော့ တိုးမပေါက်အောင် စည်ကားပါတယ်၊ နောက်နှစ်တွေမှာလည်း ခုလို မန္တလေးအခြေစိုက် တိုင်းရင်းသားတွေ စုစုစည်းစည်း ညီညီညွတ်ညွတ် ကျင်းပနိုင်အောင် ဆောင်ရွက်သွားပါမယ်" ဟု တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းပန်ဆိုင်းက ပြောသည်။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတ္တမအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အရောင်းဆိုင်များ၊ ပြခန်းများနှင့် တိုင်းရင်းသားများရိုးရာယဉ်ကျေးမှု ဖျော်ဖြေပွဲများ၊ စာအုပ်အရောင်းဆိုင်များ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာပစ္စည်းများပြခန်း၊ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြခန်း၊ တိုင်းရင်းသား လူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာပစ္စည်းများပြခန်း၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြခန်းနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများကို စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရာ လာရောက်လေ့လာသူများ နေ့စဉ်စည်ကားလျက်ရှိပြီး နောက်ဆုံးနေ့တွင် နေ့ရောညပါ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**





# ချင်းတောင်တန်းပေါ်မှ တိမ်တိုက်ကြီးနှင့် တောင်ဇလပ်ပန်းများ ကြည့်ကြမလား

● စိုးစိုးနိုင်(ကြေးမုံ)

မြန်မာနိုင်ငံတွင် ရှေးဟောင်း သာသနိက အဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လှပလွန်းသည့် သဘာဝတောတောင် ရေမြေများ၊ မတူကွဲပြားသည့် တိုင်းရင်းသားရိုးရာဓလေ့များ တည်ရှိသောကြောင့် လူသိများ ထင်ရှားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤသို့ လူသိများသည့်တိုင် လူသူအရောက်အပေါက် နည်းပါးပြီး လူသိနည်းနေသော သဘာဝအလှများစွာရှိသည့် ဒေသများလည်း ကျန်ရှိနေပါသည်။ ၎င်းတို့အနက် ချင်းတောင်တန်းရှိ တိမ်စိုင်များရစ်သိုင်းနေသည့် နတ်မတောင်၊ အမြင့်ပေ ၆၀၀၀ ကျော်တွင်သာ ပေါက်ရောက်သည့် တောင်ဇလပ်ပန်းများ အသည်းပုံသဏ္ဌာန် ရိဒ်ရေကန်၊ အထင်ရှားဆုံး မဏိပူရမြစ်၊ ကိုးဆင့်ရှိသည့် ဘုံတလာ ရေတံခွန်နှင့် ပါးရဲထိုး(ဆေးမင်ကြောင်ခြယ်) တိုင်းရင်းသူများသည် ချင်းပြည်နယ်၏ အထင်ကရပြယုဂ်များပင် ဖြစ်ပါသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ အနောက်မြောက်ဘက်တွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများ ဝန်းရံနေသည်။ တောတောင်ထူထပ်ပြီး မြေပြန့်အလွန်နည်းပါးသော တောင်ပေါ်ဒေသဖြစ်သည်။

ချင်းပြည်နယ်ရှိ နတ်မတောင်၌ ကမ္ဘာပေါ်တွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ငှက်များ၊ တောင်ဇလပ်နီ၊ ရှားပါးသည့် သစ်ခွမျိုးစိတ်များနှင့် သဘာဝတောတောင်များသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နေပါသည်။

နတ်မတောင်သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ကန်ပက်လက်မြို့နှင့် အနီးဆုံး တည်ရှိသည်။ ရန်ကုန်မှ ကားဖြင့် ရန်ကုန်-မန္တလေးလမ်းအတိုင်းလာပြီး မိတ္ထီလာမြို့မှ တစ်ဆင့် ချောက်-ဆိပ်ဖြူ-ဆော-ကန်ပက်လက် လမ်းအတိုင်း သွားရသည်။ ရန်ကုန်မှ ကန်ပက်လက်အထိ ၁၄ နာရီကြာသည်။ လေယာဉ်ဖြင့် ရန်ကုန်မှ ညောင်ဦးအထိစီးပြီး ညောင်ဦးမှ ၁၀၃ မိုင်သာဝေးသော ကန်ပက်လက်မြို့သို့ ကားဖြင့်ဆက်သွားနိုင်သည်။ ကန်ပက်လက်ရောက်လျှင် နတ်မတောင် ၁၀ မိုင်စခန်းအထိ ကားဖြင့်ဆက်သွားရပြီး ၁၀ မိုင်စခန်းမှ တောင်ထိပ်သို့ သုံးမိုင်ခန့်ခရီးကို ခြေကျင်ဖြင့် တစ်နာရီခွဲခန့်၊ ကားဖြင့် မိနစ် ၃၀ ခန့် တက်ရသည်။


ကန်ပက်လက်မြို့သည် နတ်မတောင်၏ ပေ ၄၅၀၀ ကျော်တွင် တည်ရှိသောမြို့ ဖြစ်သည်။ နေ့နေ့ညည တိမ်များ၊ မြူခိုးများ ဝေဆိုင်းနေပြီး တောင်စောင်းတစ်လျှောက် တည်ဆောက်ထားသော နေအိမ်များ၊ ဟိုတယ်များကိုလည်း တွေ့ရသည်။ နံနက်စောစော နေထွက်ချိန်၊ တိမ်ပင်လယ်ကြီးများနှင့် နေဝင်ဆည်းဆာချိန် စသည့် သဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားနိုင်သည်။

တောင်တက်လမ်းတစ်လျှောက် အထပ်ထပ်ရှိသော တောင်စဉ်တောင်တန်းများကြားမှ မြွေလိမ်မြွေကောက်လမ်းကလေးများ၊ အစုလိုက် ပေါက်နေသော ထင်းရှူးပင်ကြီးများနှင့် ဝက်သစ်ချပင်များ၊ အဖြူ အဝါ၊ အနီ အရောင်များဖြင့် ပွင့်လန်းနေသော တောင်ဇလပ်ပန်းများသည် ရှုမျှော်၍မဆုံးနိုင်ပေ။ တောင်ထိပ်သို့ရောက်ခါနီးလေ တောင်ဇလပ်ပန်းများကို ပို၍တွေ့မြင်နိုင်ရလေဖြစ်သည်။ တောတောင်၏သဘာဝအတိုင်း ကျေးငှက်တိရစ္ဆာန်များ၏ အော်မြည်သံများကလည်း ကြည်နူးစရာပင်။ နတ်မတောင်တွင် ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် ချယ်ရီပန်းများ တစ်တောလုံး ပွင့်တတ်သည်။ ဇန်နဝါရီမှ မတ်လအတွင်း တောင်ဇလပ်ပန်းပွင့်များကို ဝေဝေဆာဆာတွေ့မြင်ရမည်။ ဧပြီနှင့် မေလတွင် သစ်ခွများပွင့်ချိန်ဖြစ်၍ သစ်ပင်ကြီးများပေါ်မှာ အရောင်အသွေးစုံသော သစ်ခွမျိုးစုံကို တွေ့ရတတ်သည်ဟု သိရသည်။

နတ်မတောင်သည် မြန်မာနိုင်ငံ၏ တတိယအမြင့်ဆုံးတောင်ထိပ်နှင့် ချင်းပြည်နယ်၏ အမြင့်ဆုံးတောင်ဖြစ်ပြီး ပေပေါင်း ၁၀၅၀၀ ပေမြင့်သည်။ ၎င်းတောင်ပေါ်မှ ချင်းပြည်နယ်၏ သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်ပြီး မြန်မာ-အိန္ဒိယ နယ်စပ်ဒေသနှင့် ဘင်္ဂလားပင်လယ်အော်ကိုလည်း မြင်တွေ့ရမည်။ နတ်မတောင်ပေါ်တွင် စေတီတစ်ဆူ၊ ဘုရားဆင်းတုတော်တစ်ဆူနှင့် ဇရပ်တစ်ဆောင်ရှိသည်။

နတ်မတောင်သည် တိရစ္ဆာန်မျိုးစုံ နေထိုင်သည့်နေရာတစ်ခုဟုလည်း ထင်ရှားကျော်ကြားသည်။ နို့တိုက်သတ္တဝါမျိုးစုံ၊ တွားသွားသတ္တဝါမျိုးစုံ၊ လိပ်ပြာမျိုးစုံနှင့်

အထူးကဏ္ဍ [ ၈ ] သို့ »»



SKYNET
999 SHWE PROMOTION
အထူးအစီအစဉ်
FEB 9 to MAR 9
Up to 35% Discount

စက်အသစ်ဝယ်ယူအားပေးမည့် မိဘပြည်သူများအတွက်

3 Months PLAN — SN3+HD — 59999Ks
3 Months PLAN — SN-9 — 44999Ks
3 Months PLAN — SN-1 — 38999Ks

5%

သက်တမ်းတိုးမည့် မိတ်ဟောင်းများအတွက် လစဉ်ကြေး

SN3+HD — 9999Ks
36 Months Plan — 9999Ks
SN-9 — 4999Ks
SN-1 — 2999Ks

5%

SHWE BANK

ပြည်သူ့အတွက် SKYNET
Hotline - 09 - 261 115 103 ~ 107
- 09 - 261 118 901 ~ 902
www.skynetdth.com, www.facebook.com/skynetdthofficial

အောင်မြေ | ပညာအောင်မြေ
ပညာသင်ကျောင်း
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ
၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စည်းကမ်းလိုက်နာနိုင်ပြီး ထူးချွန်လိုသည့် ကျောင်းသား/သူများကို ကျောင်းအပ်လက်ခံပြီ...
09-25 222 9990, 09-25 222 9991, 09-25 222 9992, 09-25 222 9993

M.S.C Training Centre
နိုင်ငံခြားသင်္ဘောသား
Ship's Cook Course
General Steward (G/S) Course
Ship's Cook Upgrade Course
Crowd Management Course
09-540 2550 09-430 64421

## ပျောက်ဆုံးကြောင်း

ဦးဝေဖြိုးကျော်[၁၂/ဥကမ(နိုင်)၂၀၈၃၂၁]၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 341238) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၂၇၁၉၇၁၂**

## အမည်မှန်

ကရင်ပြည်နယ်၊ ကမမောင်းလမ်း၊ အမှတ်(၃)နေ ဦးကိုကိုလတ်၏သား မောင်ပြည်သိမ်းခိုင် [၃/မမန(နိုင်)၀၃၅၃၆၃]၏ အမည်မှန်မှာ မောင်ရှင်းနိုင်ဦး ဖြစ်ပါကြောင်း။ **မောင်ရှင်းနိုင်ဦး**

## မိခင်အမည်မှန်

ပလက်ဝမြို့နယ်၊ ဘောင်ကုန်းကျေးရွာနေ မောင်အီစတာနေလင်း [၄/ပလဝ(နိုင်)၀၆၆၇၂၈]၏ မိခင်အမည်မှန်မှာ ဒေါ်အန်ပုန်(ခ)ဒေါ်အန်းပုံ ဖြစ်ပါကြောင်း။

MEGA MARINE FROZEN SEAFOOD CO., LTD ... IL1 17-18 0978(16/10/2017) ... PH:01-384718 ,09-5149612

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃)၊ လူနေရပ်ကွက်အမှတ်-နှင်းဥယျာဉ်အိမ်ရာ၊ မြေကွက်အမှတ်-၁၉၉၊ နှင်းဆီလမ်းသွယ်(၄)၊ အမှတ် 3C-3၊ အကျယ်အဝန်း(၀. ၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေနှင့် မြေပေါ်ရှိ Rc-(2)ထပ်ခွဲအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမည်ပေါက် ပိုင်ရှင်ဒေါ်ခင်ဆွေလွင်[၁၂/ဗဟန(နိုင်)၀၅၂၂၅၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းဇော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**Ph: 01-246869, 09-450023651**
**ဒေါ်သူဇာကျော်**
**(LL.B), D.B.L, D.I.L,WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)**
**Ph:09-254508917**
**အခန်း(၈-၁၁-၁၅)၊ ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်းတောင်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထိပ်တင်ဝင်း (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၁၈)**
**(၀၉-၅၀၈၉၆၁၅)**
**အမှတ်(၁၂၅၁)၊ ပထမထပ်(B)၊ သီရိလမ်း၊ ...ရပ်ကွက်၊ ...မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**